## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

**တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ**


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၆)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ သောကြာနေ့


## အရေးပေါ်အခြေအနေကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၆**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**အရေးပေါ်အခြေအနေကြေညာခြင်း**

၁။ လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းမှုများ ချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အောက်ပါတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဖော်ပြပါမြို့နယ်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၂(က)အရ အရေးပေါ်အခြေအနေကြေညာလိုက်သည်-

(က) **ကချင်ပြည်နယ်**
- (၁) ဆွမ်ပရာဘွမ်မြို့နယ်၊
- (၂) ရွှေကူမြို့နယ်၊
- (၃) အင်ဂျန်းယန်မြို့နယ်၊
- (၄) ဆော့လော်မြို့နယ်၊
- (၅) ချီဖွေမြို့နယ်။

(ခ) **ကယားပြည်နယ်**
- (၁) ရှားတောမြို့နယ်၊
- (၂) ဖားဆောင်းမြို့နယ်၊
- (၃) မယ်စဲ့မြို့နယ်။

(ဂ) **ကရင်ပြည်နယ်**
- (၁) ကော့ကရိတ်မြို့နယ်၊
- (၂) ကြာအင်းဆိပ်ကြီးမြို့နယ်။

(ဃ) **ချင်းပြည်နယ်**
- (၁) ကန်ပက်လက်မြို့နယ်၊
- (၂) ထန်တလန်မြို့နယ်၊
- (၃) ပလက်ဝမြို့နယ်၊
- (၄) တွန်းဇံမြို့နယ်၊
- (၅) မင်းတပ်မြို့နယ်၊
- (၆) မတူပီမြို့နယ်၊
- (၇) ဖလမ်းမြို့နယ်။

(င) **စစ်ကိုင်းတိုင်းဒေသကြီး**
- (၁) ကောလင်းမြို့နယ်၊
- (၂) ပင်လည်ဘူးမြို့နယ်၊
- (၃) ခင်ဦးမြို့နယ်၊
- (၄) ဝက်လက်မြို့နယ်၊
- (၅) ကနီမြို့နယ်၊
- (၆) ဒီပဲယင်းမြို့နယ်၊
- (၇) ပုလဲမြို့နယ်၊
- (၈) အင်းတော်မြို့နယ်။

(စ) **မကွေးတိုင်းဒေသကြီး**
- (၁) ပေါက်မြို့နယ်၊
- (၂) မြိုင်မြို့နယ်၊
- (၃) ဆောမြို့နယ်၊
- (၄) ထီးလင်းမြို့နယ်၊
- (၅) ရေစကြိုမြို့နယ်။

(ဆ) **မန္တလေးတိုင်းဒေသကြီး**
- (၁) ငါန်းဇွန်မြို့နယ်။

(ဇ) **ရခိုင်ပြည်နယ်**
- (၁) ရမ်းဗြဲမြို့နယ်၊
- (၂) ပေါက်တောမြို့နယ်၊
- (၃) ပုဏ္ဏားကျွန်းမြို့နယ်၊

**စာမျက်နှာ ၃ ကော်လံ ၁ ❍**

## စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၂/၂၀၂၆**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်(၁/၂၀၂၆)ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်၍ အဆိုပါမြို့နယ်များ၏အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့်တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း(၉၀)အထိ အတည်ဖြစ်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ချက်နှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ရေး တိုက်တွန်းနှိုးဆော်ချက်တို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်

စာ - ၁၃ သို့

## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

စာ - ၇ သို့

## နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် မိုးစပါးအတွက် မျိုးစပါးဓာတ်မြေဩဇာတိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် နှစ်ချပ်တွဲဆိုလာပံ့ပိုးပေးအပ်ပွဲကျင်းပ

စာ - ၅ သို့






## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၂၄ ရက်)

# ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

တပ်မတော်သည် နိုင်ငံတော်ကို လုံခြုံစွာကာကွယ်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်ထက်မြက်ရမည်ဖြစ်သည်။ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ၎င်းတာဝန်များထမ်းဆောင်နိုင်ရန်အတွက် အမှန်တကယ်စွမ်းရည်ရှိသောတပ်မတော်ဖြစ်စေရန် တပ်မတော်သားတိုင်းကိုယ်စီအရည်အချင်းရှိအောင် တည်ဆောက်ရမည်ဖြစ်သည်။ တပ်မတော်စွမ်းရည်မြင့်မားရန် လူသားစွမ်းရည်မြင့်မားရေးသည်အလွန်အရေးကြီးသည်။ စွမ်းရည်ဆိုသည့်နေရာတွင် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်များ မြင့်မားနေရမည်ဖြစ်သည်။

စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်၊ တိုက်စွမ်းအားပင်ဖြစ်၍ စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုများနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်သည်။ တိုက်စွမ်းရည်ရှိသည့်တပ်မတော်ဖြစ်ရေးသည် လူနှင့်သက်ဆိုင်ပြီး စွမ်းရည်မြင့်မားစေရန်အတွက် လေ့ကျင့်ရေးသည်အဓိကပင်ဖြစ်သည်။ စစ်ပညာ၏အခြေခံသည် စစ်ရေးပြပင်ဖြစ်ပြီး အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းကောင်းမွန်စေမှုအတွက် ရည်ရွယ်လေ့ကျင့်ပေးခြင်းဖြစ်သည်။ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့်အဖွဲ့လိုက်ဟူ၍ရှိပြီး တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏စွမ်းရည်များရရှိအောင် တည်ဆောက်ခြင်းပင်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဧပြီလ ၂၂ ရက်တွင် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“မိမိတို့နိုင်ငံတွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် (၂၄)နာရီတာဝန်ရှိပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူများကပေါက်ဖွားလာခြင်းဖြစ်သည့်အတွက် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန်တာဝန်ရှိသည်ကို မိမိတို့အမြဲတမ်းခံယူထားရမည်ဖြစ်ပြီး နဂိုကတည်းကပင် ရှိပြီးသားဖြစ်ရမည့်စိတ်ဓာတ်ဖြစ်ကြောင်း၊ မိမိတို့လုပ်ဆောင်ရသောအလုပ်ကိုသိရှိအောင်လုပ်ပြီး ၎င်းအလုပ်ကိုကောင်းမွန်အောင်မည်သို့လုပ်ဆောင်မည်၊ တိုးတက်အောင်မည်သို့လုပ်ဆောင်မည်၊ အင်အားတိုးတက်အောင်မည်သို့လုပ်ဆောင်မည်ဟူသောစိတ်ဓာတ်ကိုမွေးမြူပြီး ဂရုတစိုက်လုပ်ဆောင်သွားမည်ဆိုပါက မိမိတို့တပ်မတော်၏ အရည်အသွေးတိုးတက်လာမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်အပေါ်သစ္စာစောင့်သိလျက်ရှိသည့်အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတော်၏ တရားဥပဒေများကိုလိုက်နာစောင့်ထိန်းလျက်ရှိပြီး ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားသည်။ နိုင်ငံနှင့်ပြည်သူများကောင်းကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် စွမ်းရည်သုံးရပ်ပြည့်စုံအောင် အစဉ်ကြိုးစားဆောင်ရွက်လျက်ရှိသည်။ စွမ်းရည်သုံးရပ်နှင့်ပြည့်စုံရန် ရဲဘော်တစ်ဦးချင်းကလည်း လိုက်နာကြိုးစားရန်လိုအပ်သည်ဟူသောလမ်းညွှန်ချက်အတိုင်း ဖြည့်ဆည်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့်စည်းရုံးရေးစွမ်းရည်ပါ မကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အရေးကြီး၍ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **“အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေးအပါအဝင် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်သွားရန်လိုအပ်ပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှုအားနည်းချက်ကိုဖြစ်ပေါ်နိုင်ကြောင်း”** လမ်းညွှန်ပြောကြားခဲ့ခြင်းဖြစ်သည်။

အုပ်ချုပ်မှုကောင်းရန် စည်းကမ်းကောင်းမွန်မှုသည် အရေးကြီးလှသည်။ စည်းကမ်းဆိုသည်မှာ တိုက်တွန်းချက်နှင့် တားမြစ်ချက်ပင်ဖြစ်သည်။ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ဖြစ်၍ တပ်မတော်သားများအနေဖြင့် “စစ်စည်းကမ်းကို တိကျစွာလိုက်နာပါ။ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ပါ”ဟူ၍ စစ်သည်တော်တိုင်း တစ်ဦးချင်းအနေဖြင့် ပြုကျင့်ရမည့်ကျင့်ဝတ်(၂၀)ပါးတွင်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ တပ်မတော်အနေဖြင့် ချမှတ်ထားသောစည်းကမ်းဘောင်အတွင်းမှ သွေဖည်ပြီးလုပ်ဆောင်၍မရသဖြင့် စည်းကမ်းကိုချိုးဖောက်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားတိုင်းသည် စည်းကမ်းရှိသည့်၊ စည်းကမ်းကောင်းသည့်တပ်မတော်ဖြစ်အောင် အမြဲတမ်းစောင့်ထိန်းလိုက်နာနိုင်ရန်လိုအပ်သည်။

ပြည်သူနှင့်တပ်မတော်ဆိုသည်မှာ ခွဲခြား၍မရဘဲ ပြည်သူနှင့်တပ်မတော်သည် ချစ်ချစ်ခင်ခင်နှင့် စည်းစည်းလုံးလုံးရှိနေစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ တပ်နှင့်ပြည်သူမြဲကြည်ဖြူ မည်သူရန်မူဝံ့မည်နည်း ဆိုသည့်အတိုင်း အမြဲစည်းလုံးညီညွတ်နေပါက နိုင်ငံတော်နှင့်နိုင်ငံသားတို့အပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်တို့သည် ပျောက်ကွယ်သွားမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်သည် သမိုင်းအစဉ်အလာကောင်းများနှင့် ပြည့်ဝလျက်ရှိပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိသည့်အတွက် ပြည်သူ့အကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်နေမည်သာ ဖြစ်ပါကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ရပ်စောက်မြို့၌ (၄၁)ကြိမ်မြောက် အသံမစဲအဘိဓမ္မာဒေသနာတော် ခုနစ်ကျမ်းပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရပ်စောက် ဧပြီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် စန္ဒကူးဘုန်းတော်ကြီးကျောင်း၌ (၄၁)ကြိမ်မြောက် အသံမစဲအဘိဓမ္မာဒေသနာတော်ခုနစ်ကျမ်းပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကြွရောက်လာကြသည့် ဆရာတော် သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် ကြွရောက်လာကြသော ဆရာတော်တို့က ရောင်ခြည်တော်ဖွင့် ဂါထာတော်ဖြင့် မြတ်စွာဘုရားအား ပင့်လျှောက်ခြင်း အစီအစဉ်ဆောင်ရွက်ကြသည်။ ဆက်လက်၍ စန္ဒကူးဆရာတော်က တပည့်ဒါယကာ၊ ဒါယိကာမတို့အား ငါးပါးသီလချီးမြှင့်၍ ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ်ချီးမြှင့်ပေးကြသည်။

ယင်းနောက် ဓမ္မစကြာအသင်းသူများက ပဋ္ဌာန်းရှစ်လုံးဖွဲ့ကဗျာများဖြင့် ရွတ်ဆိုပူဇော်ကာ သမ္မာဒေဝနတ်ဖြဟ္မာများအား အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲသို့ ဖိတ်ကြားခြင်း အစီအစဉ်ဆောင်ရွက်ကြသည်။

ထို့နောက်ဆရာတော်သံဃာတော်များ၏ဦးဆောင်မှုဖြင့် ဒွေ့ပရိသတ်အပေါင်းတို့က ပဋ္ဌာန်း ၂၄ ပစ္စည်းပါဠိတော်ကို သံပြိုင်ရွတ်ဆို၍ အလှည့်ကျဘာဏက ဆရာတော်က အဘိဓမ္မာတရားတော်များကိုဆက်လက်ရွတ်ဖတ်ပူဇော်ကြောင်း သိရသည်။

(၄၀၅)

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၃၃၉၉၈၊ ဖက်စ် ၀၆၇-၃၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၃၄၀၀၆၊ ၀၆၇-၃၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၃၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၃၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

၁ ရှေ့ဖုံးမှအဆက်

(၄) ရသေ့တောင်မြို့နယ်၊
(၅) ဗူးမြို့နယ်၊
(၆) မောင်တောမြို့နယ်၊
(၇) ဘူးသီးတောင်မြို့နယ်၊
(၈) ကျောက်တော်မြို့နယ်၊
(၉) မင်းပြားမြို့နယ်၊
(၁၀) မြေပုံမြို့နယ်၊
(၁၁) မြောက်ဦးမြို့နယ်၊
(၁၂) သံတွဲမြို့နယ်၊
(၁၃) အမ်းမြို့နယ်၊
(၁၄) တောင်ကုတ်မြို့နယ်။

(ဈ) ရှမ်းပြည်နယ်

(၁) နမ္မတူမြို့နယ်၊
(၂) မဘိမ်းမြို့နယ်၊
(၃) ကွတ်ခိုင်မြို့နယ်၊
(၄) နမ့်ခမ်းမြို့နယ်၊
(၅) သိန္နီမြို့နယ်၊
(၆) ကွမ်းလုံမြို့နယ်၊
(၇) နမ့်ဆန်မြို့နယ်၊
(၈) မန်တုံမြို့နယ်၊
(၉) ဟိုပန်မြို့နယ်၊
(၁၀) လောက်ကိုင်မြို့နယ်၊
(၁၁) ကုန်းကြမ်းမြို့နယ်၊
(၁၂) မိုးမိတ်မြို့နယ်၊
(၁၃) ကျောက်မဲမြို့နယ်၊
(၁၄) သီပေါမြို့နယ်၊
(၁၅) မိုင်းလားမြို့နယ်။

၂။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း(၉၀) အထိ အတည်ဖြစ်သည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနေမှု ကြည့်ရှု

ပဲခူး ဧပြီ ၂၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဂေါပကအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ပြည်သူများ စိတ်အေးချမ်းသာစွာ ရာသီမရွေး ဘုရားဖူးလာရောက်နိုင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရှိရန်မှာကြားပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ရွှေမော်ဓောစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံမှုနှင့် တည်ဆောက်ရေးအဖွဲ့များက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြား၍ ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ဘက်စုံပြုပြင်မွမ်းမံနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကမ္ဘောဇသာဒီနန်းတော်ကြီး ဘက်စုံအဆင့်မြှင့်တင်နေမှုကိုကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ ပွင့်လင်းရာသီအမီပြီးစီးရေးနှင့် မြေယာရှင်းများဖြင့်တင့်တယ်လှပရေး၊ ချုံနွယ်နှင့်အမှိုက်များ ရှင်းလင်းဆောင်ရွက်ရေး မှာကြားခဲ့ကြောင်းသိရသည်။

(၄၁၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊
Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊
ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကျင်းပ၊ ထားဝယ်မြို့နယ်အသင်းနှင့် ပုလောမြို့နယ်အသင်းတို့ စတင်ယှဉ်ပြိုင်



ထားဝယ် ဧပြီ ၂၃

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းနေရာယူပြီး တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးအား စစ်ရေးပြမှူးကဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများက အလေးပြုပြီး တန်းအပ်သည်။


ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကျင်းပသော တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို တောင်ကြီးမြို့၌ ဇွန်လ ၁၀ ရက်မှ ၁၉ ရက်အထိကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ဘော်လီဘောကစားသမားများရွေးထုတ်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှ အရည်အချင်းရှိသော ဘော်လီဘောအားကစားသမားများကို စိစစ်ရွေးချယ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အတွက် ဘော်လီဘောအားကစားသမားများအနေဖြင့် တိုင်းဒေသကြီးလက်ရွေးစင်အဖြစ် ရွေးချယ်ခံရအောင် အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ကြိုးစားယှဉ်ပြိုင်ကစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များက အမျိုးသား ထားဝယ်မြို့နယ်အသင်းနှင့် ပုလောမြို့နယ် အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် ထားဝယ်မြို့နယ်အသင်းက အနိုင်ရရှိသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်း ခြောက်သင်း၊ အမျိုးသမီးအသင်း ခြောက်သင်းတို့က ဧပြီလ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲစတင်ကျင်းပ



ရန်ကုန် ဧပြီ ၂၃

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၁၄ ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာခံဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ အားကစားပစ္စည်းများကိုပေးအပ်ကြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပထမနေ့ပွဲစဉ်တစ်ပွဲဖြစ်သည့် အလုံခရိုင်အသင်းနှင့် မရမ်းကုန်းခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၁၄ ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့မှ ဧပြီလ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းနှင့် ယနေ့ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် ကစားသမားများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

**ဝန်းရံ**

# ရေနည်းမည့် သတိပေးချက်

နေပြည်တော် ဧပြီ ၂၃

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့၌ ၃၅၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း လက်ရှိရေမှတ်အောက် ပေ၀က်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂ / ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၂ /၂၀၂၆**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

၁။ နိုင်ငံတော်သမ္မတရုံးသည် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများချုပ်ငြိမ်းစေရန်နှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်အမှတ်၊ ၁/၂၀၂၆ ကိုထုတ်ပြန်၍ ယင်းအမိန့်ပါ မြို့နယ်များကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ်၊ ၂/၂၀၂၆ အရ အဆိုပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများတွင်ပါဝင်သော ယင်းဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ပါမြို့နယ်များအတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးများသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းလိုက်သည်။

၂။ သက်ဆိုင်ရာတိုင်းမှူးများသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသောအခြေအနေအရပ်ရပ်ပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးနိုင်သည်။

**ပုံ**
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

---

# စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ်၊ ၃ / ၂၀၂၆**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

၁။ နိုင်ငံတော်သမ္မတရုံး၏ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲပါ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ်၊ ၁/၂၀၂၆၊ ၂/၂၀၂၆နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၆ တို့တွင် ဖော်ပြပါရှိသည့် မြို့နယ်များနှင့် သက်ဆိုင်သည့် တိုင်းစစ်ဌာနချုပ်တိုင်းမှူးများအား စစ်အုပ်ချုပ်ရေးဒေသအဖြစ်ကြေညာထားသော မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာတိုင်းမှူးတို့၏ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

(ခ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း**။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း**။ စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း**။ နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးက ပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
- (ကက) သေဒဏ်၊
- (ခခ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
- (ဂဂ) သက်ဆိုင်ရာပြစ်မှုအလိုက်သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း**။ စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာတိုင်းမှူးတို့၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
- (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
- (ဂဂ) ပြစ်ဒဏ်ကိုပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။

(၅) **အယူခံခြင်း**။ စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း**။ စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅)ရက်အတွင်း သက်ဆိုင်ရာတိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာတိုင်းမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
- (ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
- (ခခ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
- (ဂဂ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
- (ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သို့မဟုတ် သက်ဆိုင်ရာတိုင်းမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင် ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ သက်ဆိုင်ရာတိုင်းမှူးတို့သည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ သက်ဆိုင်ရာတိုင်းမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ အစီရင်ခံရမည်။

**ပုံ**
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော်သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကိုဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ၊
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးအား စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးနှင့် ကလေးကုသဆောင်များသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့်ဆေးရုံအတွက် အလှူငွေများပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီးဒေါ်နီလာ ဆေးကုသမှုခံယူနေသူတစ်ဦးအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

---

# နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် မိုးစပါးအတွက် မျိုးစပါးဓာတ်မြေဩဇာ တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် နှစ်ချပ်တွဲဆိုလာ ပံ့ပိုးပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရေပေါ်သောင်ကျေးရွာအုပ်စု ရေပေါ်သောင်ကျေးရွာ၌ ဧပြီလ၂၃ ရက်တွင် နွေစပါးစံကွက်ရိတ်သိမ်းပွဲနှင့် မိုးစပါးအတွက် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် နှစ်ချပ်တွဲဆိုလာ ပံ့ပိုးပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မှော်ဘီခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က မှော်ဘီခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ကြည်တို့က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ထန်းတပင်မြို့နယ်အတွင်း မိုးစပါးရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ တိုက်ရိုက်မျိုးစေ့ချကိရိယာနှင့် နှစ်ချပ်တွဲဆိုလာတို့ကို ဒေသခံတောင်သူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က မျိုးစေ့ချကိရိယာများ၊ စပါးမျိုးစေ့နမူနာများ၊ ဓာတ်မြေဩဇာများ၊ အနိမ့်တင်ဆိုလာရေတင်စက်များနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ စသည်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တောင်သူဦးစံမောင်၏ နွေစပါးစံကွက်အား စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၃၁ ဒသမ ၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေပေါ်သောင်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရ၏ ရက် ၁၀၀ ကာလအတွင်း ဦးစားပေးဆောင်ရွက်သွားမည့်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကျင်းပ



နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုလွှတ်တော်တွင်ကျင်းပခဲ့သော ကတိသစ္စာပြုပွဲအခမ်းအနား၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရများမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများအား တွေ့ဆုံမှာကြားသည့်မိန့်ခွန်း၊ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားနှင့်ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင်အမှာစကားပြောကြားခဲ့မှုများ၊ အစိုးရ၏ရက် ၁၀၀ ကာလအတွင်း ဦးစားပေးဆောင်ရွက်သွားမည့်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများသို့ ထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားကို နေပြည်တော်ရှိဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၃၄) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများက လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ Virtual အစီအစဉ်ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဧပြီလ ၁၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ကျင်းပခဲ့သော နိုင်ငံတော်သမ္မတ ကတိသစ္စာပြုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတက တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဆက်လက်၍ ဧပြီလ ၂၀ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်းဆောင်ရွက်မည့် နိုင်ငံ့စီးပွားတိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့်ကဏ္ဍများဖြစ်ကြသည့် စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် MSME ကဏ္ဍ၊ အခြေခံအဆောက်အဦကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ (ဒစ်ဂျစ်တယ်ဖွံ့ဖြိုးရေး)၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ စသည်တို့တွင် တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများအား ပြောကြားခဲ့ကြောင်း။

ယင်းတို့အနက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထားတိုးမြှင့်ရေးစီမံချက်အနေဖြင့် ချေးငွေများတိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပညာရေးကဏ္ဍမြင့်မားလာစေရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ဘဏ္ဍာ၏ ၉ ဒသမ ၂၂ ရာခိုင်နှုန်းသုံးစွဲသွားမည်ဖြစ်ပြီး လာမည့်ငါးနှစ်အတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲသွားရှိကြောင်း ပြောကြားခဲ့ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဆောင်ရွက်သွားကြရန်နှင့်နိုင်ငံတော်ဘဏ္ဍာငွေများကို အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျသုံးစွဲသွားကြရန် မှာကြားခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ကြရာတွင် အလုပ်အပေါ် ဂုဏ်ယူတတ်စေရန်နှင့် စေတနာထားကာ တာဝန်သိသိ သစ္စာရှိရှိဖြင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးတက်ရောက်

နေပြည်တော် ဧပြီ ၂၃

အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ၂၀၂၆ ခုနှစ် ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲများကို ဖိုရမ်၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ဧပြီလ ၂၁ ရက်မှ ၂၃ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် Hybrid Format ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ကြပြီး အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ရုံးဝန်ထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF)၏ မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၆)ပါ ဦးစားပေးကိစ္စရပ် (၅) ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဒေသတွင်းလက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်နေသော စွမ်းအင်အကျပ်အတည်းများကြောင့် လူ့အခွင့်အရေးကျင့်သုံးခံစားမှုအပေါ် သက်ရောက်မှုဆိုင်ရာကိစ္စရပ်များ၊ ဖိုရမ်အနေဖြင့် ပြင်ပအဖွဲ့အစည်းများနှင့် ပတ်သက်သည့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဖိုရမ်၏ မဟာဗျူဟာဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (SCWG) ၏ တိုးတက်ဖြစ်ထွန်းမှုများ၊ ဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးကဆွေးနွေးပြီး SEANF ၏ မဟာဗျူဟာစီမံကိန်း(၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်များအနက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေးမြှင့်တင်ရန်နှင့်ကာကွယ်ရန်" ကိစ္စရပ်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးသည်။

ထို့နောက် "လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ကာကွယ်ခြင်း – Defending the Defenders" ခေါင်းစဉ်ဖြင့် ဆက်စပ်ဆွေးနွေးပွဲကို ဧပြီလ ၂၂ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် အရှေ့တောင်အာရှရှိ ကလေးလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပါအဝင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ၎င်းတို့၏လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရသောဘေးအန္တရာယ်များနှင့် ဖိအားများအပေါ် အပြန်အလှန်ဆွေးနွေးခြင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပံ့ပိုးကူညီခြင်းတို့တွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ လူ့အခွင့်



အရေး ကာကွယ်စောင့်ရှောက်သူများအတွက် အကာအကွယ်နှင့်ပံ့ပိုးမှုများ ပိုမိုခိုင်မာအားကောင်းစေမည့် မဟာဗျူဟာများ ဖော်ဆောင်နိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သူများအကြား အတွေ့အကြုံများနှင့် ကောင်းမွန်သောအလေ့အကျင့်ကောင်းများကို အပြန်အလှန်ဆွေးနွေးခြင်းနှင့် အုပ်စုလိုက်ဆွေးနွေးခြင်းများ ပြုလုပ်ပြီး ကော်မရှင်မှ ပါဝင်ဆွေးနွေးမှုများပြုလုပ်သည်။

ယနေ့တွင် ဖိုရမ်၏ ဒုတိယမြောက် ဆက်စပ်ဆွေးနွေးပွဲကို "လူ့အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုဖိုရမ် (၂၀၂၆) – Forum on Human Rights, Business, and Climate Justice 2026" ခေါင်းစဉ်ဖြင့် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် "ကြေညာစာတမ်းအဆင့်မှသည် လက်တွေ့လုပ်ဆောင်မှုအဆင့်သို့ အာဆီယံမူဘောင်ကို လက်တွေ့အကောင်အထည်ဖော်ခြင်း – From Declaration to Action: Operationalizing the ASEAN Framework"၊ "အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး – Business and Human Rights (BHR) in ASEAN"၊ "နယ်စပ်ဖြတ်ကျော် ရာသီဥတုဆိုင်ရာ တရားမျှတမှု – Transboundary Climate Justice"၊ "ရာသီဥတုဆိုင်ရာ တရားမျှတမှု – အပြန်အလှန်ဆက်နွယ်နေသော မညီမျှမှုများကိုဖြေရှင်းဆောင်ရွက်ခြင်း – Climate Justice: Addressing Intersecting Inequalities" စသည့်ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပြီး ကော်မရှင်မှ ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြဝတီ

## ထူးခြားသည့် နေ့အပူချိန်များ

၂၃-၄-၂၀၂၆

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ချောက် | ၄၄ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | | မကွေး | ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၃ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | | ဂန့်ဂေါ | ၄၂ ဒသမ ၄ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၃ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် | | နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၄၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | | | |
| မင်းဘူး | ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | | ပခုက္ကူ | ၄၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |

# ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာမဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဧပြီ ၂၃**

ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာမဟာမင်္ဂလာအခမ်းအနားများကျင်းပရေးဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုယနေ့နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(မြေညီထပ်)၌ ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တပ်မတော်မှတာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဧပြီလ ၃၀ ရက်တွင်ကျရောက်မည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာမဟာမင်္ဂလာအခမ်းအနားငါးမျိုးကို ယခင်နှစ်များနည်းတူ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်နှင့်ဥပ္ပါတသန္တိစေတီတော်တို့တွင် ခမ်းနားထည်ဝါစွာကျင်းပသွားမည်ဖြစ်ကြောင်း၊ ရာသီဥတုပူပြင်းလာသည်နှင့်အညီ မိုး၊ လေ ပါလာတတ်သည့်အတွက် အခြေအနေနှင့်လိုက်လျောညီထွေဖြစ်မည့်ကိစ္စများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ အခမ်းအနားကြီးသို့ ပင့်ဆောင်တော်မူမည့် ဆရာတော်ကြီးများ၏ကျန်းမာရေး၊ ပါဝင်ဆောင်ရွက်ကြမည့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ သွားလာနေထိုင်ရေးများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် စီမံချက်ရေးဆွဲထားရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် “ဗျာဒိတ်တော်ခံယူတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း၊ ပွင့်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်း” သရုပ်ပြယာဉ်များ တာဝန်ပေးအပ်ထားသည့် အခြေအနေများကိုတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက “ပွင့်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံတော်မူခြင်း” အစီအစဉ်များတွင် လိုက်ပါမည့် ကျောင်းသား၊ ကျောင်းသူများကို လေ့ကျင့်ရေးစခန်းသို့ အချိန်မီစေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကောင်းမွန်သူများကိုသာ ရွေးချယ်စေလွှတ်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေး အဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက်“ဗျာဒိတ်တော်ခံယူတော်မူခြင်း”သရုပ်ပြယာဉ်တည်ဆောက်ပြီးစီးမှုကို ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ “ဖွားမြင်တော်မူခြင်း” သရုပ်ပြယာဉ်တည်ဆောက်ပြီးစီးမှုကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်းကောင်း၊ “ပွင့်တော်မူခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်း” သရုပ်ပြယာဉ်တည်ဆောက်ပြီးစီးမှုကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးက ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကဆုန်လပြည့်ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့၊ ဧပြီလ ၃၀ ရက်တွင် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာမဟာမင်္ဂလာအခမ်းအနားများကို နေပြည်တော် ပြည်ထောင်စုနယ်မြေ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပသွားမည်ဖြစ်ပြီး လှူဖွယ်ပစ္စည်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ၊ စာတမ်းဖတ်ပွဲ၊ ကဆုန်ညောင်ရေသွန်းလောင်းပွဲ၊ ဆီမီးတိုင်များကိုင်ဆောင်လှည့်လည်ပူဇော်ပွဲ၊ ဓမ္မသဘင်ဆင်ယင်ကျင်းပပွဲ အခမ်းအနားတို့ကို နိုင်ငံတော်အဆင့် အခမ်းအနားများအဖြစ် ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ဝါးမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်းသည့်အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်



**နေပြည်တော် ဧပြီ ၂၃**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ဝါးမှချည်ချောထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စက်မှုနှင့်အသေးစား၊ အငယ်စား၊အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးသွင်အောင်နှင့် ဒေါက်တာအောင်ဇေယျ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲကို သက်ဆိုင်ရာဌာနများမှ ပညာရှင်များက ဝါးမှချည်မျှင်ထုတ်လုပ်သည့်ကဏ္ဍအလိုက် တင်ပြခြင်းများ၊ အဖွဲ့လိုက် ဆွေးနွေးခြင်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဖွဲ့လိုက်ဆွေးနွေးရာတွင် ဝါးမှချည်ချောထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ဆက်စပ်ဆောင်ရွက်ရမည့်လုပ်ငန်းကဏ္ဍများနှင့် စပ်လျဉ်း၍ ဝါးကုန်ကြမ်းကွင်းဆက်နှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၊ နည်းပညာနှင့် ထုတ်လုပ်မှုနည်းစဉ်ကဏ္ဍ၊ စက်ပစ္စည်းနှင့်ချည်ချောထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုနှင့် မူဝါဒရေးရာကဏ္ဍစသည့် အုပ်စု(၄)စုဖြင့် ခွဲခြားဆွေးနွေးသွားမည်ဖြစ်ကြောင်း။

ဝါးမှချည်ချောထုတ်လုပ်သည့်လုပ်ငန်းကို အစိုးရ၏ရက် ၁၀၀ စီမံကိန်းအတွင်း ပြီးစီးအောင် အထူးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ ဝါးမှ ချည်ချောထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မိမိတို့၏ကဏ္ဍအလိုက်ပါဝင်ဆွေးနွေးခြင်းဖြင့် အနာဂတ်နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ကြရန် ဆန္ဒပြုတိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ သုတေသနအရာရှိ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ချည်မျှင်နှင့် အထည်အင်ဂျင်နီယာဌာန ပါမောက္ခ၊ ဌာနမှူး၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း အထွေထွေမန်နေဂျာနှင့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း) ဒုတိယစက်ရုံမှူးတို့က သက်ဆိုင်ရာကဏ္ဍအလိုက်အသီးသီးရှင်းလင်းဆွေးနွေးတင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

မွန်းလွဲပိုင်းတွင် အုပ်စုအလိုက် သတ်မှတ်ထားသည့်ကဏ္ဍအသီးသီးတို့ကိုဆွေးနွေး၍ အုပ်စုအလိုက် ဆွေးနွေးရရှိသည့်ရလဒ်များကိုပြန်လည်ရှင်းလင်းတင်ပြသည်။ ထို့နောက် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးက အုပ်စုအလိုက် ဆွေးနွေးပွဲရလဒ်များအပေါ် သုံးသပ်တင်ပြခြင်း၊ ယခုဆွေးနွေးပွဲမှရရှိသည့် ရလဒ်များကိုအခြေခံ၍ စာတမ်းတစ်စောင်ပြုစုပြီး နိုင်ငံတော်သမ္မတရုံးသို့တင်ပြဆောင်ရွက်သွားမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၂၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ပင်စင်လစာလာရောက်ထုတ်ယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ခုတင်-၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီး ပျဉ်းမနားမြို့မှ အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးအခမဲ့စောင့်ရှောက်ပေးနေမှုနှင့် အငြိမ်းစားပင်စင်လစာထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ နေပြည်တော်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများအတွက် ရဲမန်ဆောက်လုပ်ရေးကုမ္ပဏီက အလှူငွေပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမျိုးသားဘော်လီဘောပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ်အသင်းနှင့် ပျဉ်းမနားမြို့နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ပျဉ်းမနားမြို့နယ်အသင်းက သုံးပွဲ နှစ်ပွဲဖြင့် အနိုင်ရရှိသည်။

အဆိုပါ ၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားအသင်း ရှစ်သင်းအား အုပ်စုနှစ်ခုခွဲ၍လည်းကောင်း၊ အမျိုးသမီးအသင်း ရှစ်သင်းအား အုပ်စုနှစ်ခုခွဲ၍လည်းကောင်း ဧပြီလ ၂၃ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းသိရသည်။

**အောင်ကို (ပုဗ္ဗသီရိ)**



# အမရပူရမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



အမရပူရ ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တပ်ကြီးကျေးရွာ အခြေခံပညာကျောင်း၌ ဧပြီလ ၂၂ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ အစိုးရသစ်လက်ထက် ပထမရက် ၁၀၀ အတွင်း လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ ဦးစီးမှူး ဒေါ်အေးအေးဆွေဦးဆောင်သောအဖွဲ့က နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ကိုယ်ရေးအချက်အလက်အထောက်အထားများမေးမြန်းစိစစ်၍ အသက် ၁၀ နှစ်မှ ၁၈ နှစ်အတွင်း အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၃၀ ဦး၊ အသက် ၁၈ နှစ်အထက် အမျိုးသားနှစ်ဦး စုစုပေါင်း ၆၄ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ လုပ်ဆောင်ပေးပြီး အမရပူရမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

# ရွှေတောင်မြို့၌ ပန်းချီပြိုင်ပွဲကျင်းပ

ရွှေတောင် ဧပြီ ၂၃

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ပန်းချီပြိုင်ပွဲကို ဧပြီလ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုသန့်က စာဖတ်သည့် အလေ့အကျင့်ရှိပြီး စာပေနှင့်ပိုမိုရင်းနှီးကျွမ်းဝင်လာစေရန်၊ စာပေမှရရှိသော အသိပညာဗဟုသုတ များစွာတိုးပွားလာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကိုယ်ရည်ကိုယ်သွေးထက်မြက်လာစေရန်၊ အသိပညာဗဟုသုတများတိုးပွားလာစေရန်အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ပန်းချီပြိုင်ပွဲကိုကျင်းပသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# ငဖဲမြို့နယ်၌ နွေစပါး ၇၇၉ ကေစိုက်ပျိုးပြီးစီး

ငဖဲ ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ဒေသတွင်းဆန်စပါးဖူလုံပိုလျှံစေရေးအတွက် ၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီတွင် မန်းချောင်းရေလှောင်တမံဆည် ရေဖြင့် နွေစပါး ၇၇၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။



၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီတွင် အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီလမှစတင်၍ မန်းချောင်းရေလှောင်တမံဆည်မှ စိုက်ပျိုးရေများဖြန့်ဝေပေးလျက်ရှိရာ ယခုအချိန်တွင် စိုက်ပျိုးပြီးစီးသည့်စပါးမျိုးများမှာ အောင်နိုင်တိုး ၁၀၁ ကေ၊ မနောသုခ ၁၉၃ ကေ၊ ရတနာတိုး ၆၉ ကေနှင့် ဆင်းသုခ ၄၁၆ ကေ စုစုပေါင်း ၇၇၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ထို့ပြင် ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းစားရေရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေသီးနှံများစိုက်ပျိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ မြေညှိခြင်း၊ ရေသွင်းရေထုတ်မကြာခဏပြုလုပ်ခြင်း၊ ပေါင်းရှင်းခြင်းနှင့် ဘက်စုံမျှတသောဓာတ်မြေဩဇာအသုံးပြုနည်းကျင့်သုံးခြင်း စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကိုလိုက်နာရန်-

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။
(ခ) တောမီးရှို့၍အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။
(ဂ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။
(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင်စွန့်ပစ်ရန်။
(င) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## မြန်မာ့နှလုံးသား ဗဟို

✤ သည်မြေနေ သည်ပြည်ကြီးပါလို့
သည်အသီးစား သည်ရေသောက်ကာဖြင့်
တစ်မိုးအောက်နေအတူ အတွေ့အသုံးစကားရယ်မှ
ကိုယ်ပိုင်အမွေအမှု ဓလေ့ထုံးများကိုလည်း
မမေ့မှုန်းကာ ဂုဏ်တင်ပွားချင်ရဲ့
ခံမင်တွယ်တာ အကြင်နာတရားတွေက
မြန်မာများရဲ့ နှလုံးသားဗဟို။
✤ မလာလည်း တကြော်ကြော်
သွားကာလည်း တခေါ်ခေါ်နှင့်
တပျော်ပျော် ရှေ့တခေါ်ခရီးပါပဲ
အထီးမကျန် အကျည်းမတန်လှအောင်လို့
မညည်းအဖန်ဖန် အပြီးမာန်တင်းကာဖြင့်
ချစ်ခြင်းကြည်ညို။
✤ နားလည်မှု အထိုထို
ငြိုငြင်ပါနဲ့လား။
ခွင့်လွှတ်ကြိုဆို
ချို့ရွှင်ပါစေသား။
✤ သူ့အမြင် ကိုယ့်အတွေး
ကိုယ့်အထင် သူ့အရေး
ဆွေးနွေး အဖုံဖုံက
တစ်မျိုးတစ်ရံ အကျိုးအဟုန်တိုးစေမပေါ့
ဝင်္ကပါအလှည့် အန္တိုးမှာကွဲ့
စေတနာ အားထည့်ကြိုးပါလို့
အမျိုးတို့ရေ…
တိုးဆက်ကာသွား။ ။

**ရွှေမြိုင်ပြုံးလွဲမော်**

## မြဝတီရုပ်မြင်သံကြား

၂၄-၄-၂၀၂၄(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၈။ | ၁၃:၂၀ | အမှတ်တရနေ့ရက်များ |
| ၂။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၉။ | ၁၄:၁၅ | Soft Skill |
| ၃။ | ၀၈:၄၀ | စိုက်ပျိုးသုတ | ၁၀။ | ၁၆:၅၀ | တစ်ပတ်အတွင်းစာပေနှင့်အနုပညာသတင်း |
| ၄။ | ၀၉:၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၁။ | ၁၇:၂၅ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၅။ | ၁၀:၅၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း | ၁၂။ | ၁၈:၂၀ | မွေးမြူသုတ |
| ၆။ | ၁၁:၅၅ | မြန်မာ့လက်သံ | ၁၃။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၁၂:၁၅ | လေးစားအတုယူစံနမူနာသူရဲကောင်းများ | | | |

# နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက်ပေါင်း ၁၀၀ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ ရှင်းလင်းပွဲကျင်းပ



နေပြည်တော် ဧပြီ ၂၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရန် သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများနှင့် မန္တလေးနန်းမြို့ရိုးပြုပြင်ထိန်းသိမ်းနေမှုများ ကြည့်ရှုစစ်ဆေး



မန္တလေး ဧပြီ ၂၃

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တံတားဦးခရိုင် အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများနှင့် မန္တလေးနန်းမြို့ရိုးပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တံတားဦးမြို့ မင်္ဂလာစေတီမှ အင်းဝမြို့ဟောင်း တတိယမြို့ရိုးသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် မဟာဇေယျပထ မောင်အိုအုတ်လမ်းသို့ရောက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနက မောင်အိုအုတ်လမ်းအား ရှေးမူမပျက် ပြန်လည်ဖော်ထုတ်၍ မူလအနေအထားအတိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်အေဒီ ၁၈၂၂ တွင် ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုတို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အောင်မြေဘုံစံအုတ်ကျောင်း(ခ) မယ်နုအုတ်ကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မယ်နုအုတ်ကျောင်းသည် မန္တလေးငလျင်ကြီးတွင် မြောက်ဘက်တစ်ခြမ်းလုံး ထိခိုက်ပျက်စီးခဲ့သဖြင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့်ညှိနှိုင်းတိုင်ပင်၍ သဘာဝဘေးကြောင့် မူလရှေးဟောင်းလက်ရာအနေအထားပျက်စီးခဲ့မှုများအား နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် အင်းဝမြို့ဟောင်းအား ပြည်တွင်း၊ ပြည်ပခရီးသွားများစိတ်ဝင်စားစွာလေ့လာကြည့်ရှုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေ(အခြား) အသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အင်းဝမြို့ဟောင်းရှိ တံခါးနီတံခါးနှင့် ရွှေတော်ယူတံခါး တူးဖော်သုတေသနပြုခြင်းနှင့် သတိုးမင်းဖျား၏ မူလမြို့ရိုးအားစမ်းသပ်တူးဖော်မည့် သုတေသနပြုမည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အေဒီ ၁၇၃၃ တွင် တည်ထားခဲ့သည့် အင်းဝလောကသရဖူဘုရား မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် အလှူရှင် ဦးစိုးနိုင်၏ လှူဒါန်းမှုဖြင့် မူလရှေးဟောင်းလက်ရာအတိုင်း ပြန်လည်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အင်းဝရှေးဟောင်းသုတေသနပြတိုက် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အင်းဝရှေးဟောင်းသုတေသနပြတိုက်ပြန်လည်ပြုပြင်ခြင်းကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံငလျင်အသင်းတို့မှ ပညာရှင်များ၊ အိန္ဒိယနိုင်ငံ ချန်နိုင်းတက္ကသိုလ်မှ ငလျင်နှင့်အဆောက်အအုံပညာရှင်များ၏ အကြံပြုချက်နှင့် ပူးပေါင်းကြီးကြပ်မှုဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အင်ဂျင်နီယာများက ဆောင်ရွက်လျက်ရှိပြီး ၂၀၂၆ ခုနှစ် ဇွန်လတွင်ပြီးစီးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အတွင်းမှ ဒေါက်တိုင်များ၊ အပေါ်ဆင့်များ ထပ်မံအားဖြည့်ထည့်ရန်၊ နောင်ငလျင်များ ဖြစ်ပေါ်လာနိုင်သည်ကို ကြိုတင်ရည်မှန်း၍ ပိုမိုကြံ့ခိုင်အောင်ဆောင်ရွက်ရန်၊ အင်ဂျင်နီယာများ နေ့စဉ်အမြဲကြီးကြပ်၍ အားနည်းချက်မရှိစေရေး စီမံဆောင်ရွက်ရန်၊ ပြုပြင်ပြီးစီးပါက ပြန်လည်ခင်းကျင်းမှုကိုပါ ကြိုတင်လျာထားဆောင်ရွက်ရန်၊ အလားတူ အင်းဝဒေသရှိ ငလျင်ဒဏ်ခံဘုရားများပြုပြင်ရာတွင် ပစ္စည်းလိုအပ်ချက်များရှိပါက တင်ပြရန်နှင့် ဝန်ကြီးဌာနချင်း ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ညနေပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ငလျင်ကြောင့် မန္တလေးနန်းမြို့ရိုး၏ နေရာအနှံ့အပြားတွင် ထိခိုက်ပျက်စီးမှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် မူလရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မှုများကိုလည်းကောင်း၊ နယ်မြေခံ ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)၊ တင်ဒါအောင်ကုမ္ပဏီများနှင့် ဌာနတို့က ဆောင်ရွက်ခဲ့သည့် မြို့ရိုး၊ မီးတားများ၊ သူရဲခိုများ၊ ပြာသာဒ်ကြီးများနှင့် ပြာသာဒ်ငယ်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံတော်အတွက်အကျိုးပြုမည့် ပညာရှင်များ မွေးထုတ်ပြီး တိုင်းပြည်၏သဘာဝပတ်ဝန်းကျင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်ရေးကို အားသစ်လောင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးလမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၉) သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးနှင့် ဦးခင်လတ်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်ဖြစ်သော တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများကို ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ပြီး ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပညာရေးသည် နိုင်ငံပြုပြင်ပြောင်းလဲမှုအတွက် အဓိကကျသဖြင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ နိုင်ငံတော်အတွက်အကျိုးပြုမည့် ပညာရှင်များ မွေးထုတ်ပြီး တိုင်းပြည်၏သဘာဝပတ်ဝန်းကျင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်ရေးကို အားသစ်လောင်းဆောင်ရွက်သွားကြရန်၊ သစ်တောကဏ္ဍအနေဖြင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရေရှည်ထုတ်ယူသုံးစွဲနိုင်အောင် စနစ်တကျထုတ်လုပ်ရေး၊ သစ်နှင့်သစ်အချောထည်များ တန်ဖိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်သွားကြရန်လိုအပ်သလို အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)ကိုလည်း လက်တွဲခေါ်ယူသွားကြရန်၊ ဝါးမှ ချည်မျှင်ထုတ်ယူနိုင်ရေးဆောင်ရွက်မှုများတွင်လည်း လိုအပ်သည့်နေရာမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ လေထုညစ်ညမ်းမှုသည် ကျန်းမာရေးအတွက် အန္တရာယ်ရှိသော ပတ်ဝန်းကျင်ဆိုင်ရာ အကြီးမားဆုံးခြိမ်းခြောက်မှုတစ်ခုဖြစ်သဖြင့် မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုကိုဖြစ်စေသော Fire Hotspot လျှော့ချရေးလုပ်ငန်းအား ဒေသခံပြည်သူများ၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင်လည်း လုပ်ဖော်ကိုင်ဖက်အချင်းချင်း မိသားစုစိတ်ဓာတ်ထားရှိပြီး တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

## ရေချွေတာရေးနည်းလမ်းများ

- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ❖ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❖ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- ❖ အဝတ်လျှော်စက်အပြည့်အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❖ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ❖ ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။

# နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် ဦးထွန်းလူ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးလျှင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေကြောင်းထိန်းမျှော်စင်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် မြန်မာ့မီးရထား နေပြည်တော် စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ Battery Electric Locomotive (BEL) တည်ဆောက်နေမှု၊ ဘက်ထရီလျှပ်စစ်ရထားတွဲ (Battery Electric Multiple Unit-BEMU) တည်ဆောက်နေမှုများနှင့် မေလ ၁ ရက်တွင် ရန်ကုန်-မန္တလေး လမ်းပိုင်း၌ စတင်ပြေးဆွဲမည့် DEMU အမြန်ရထားများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ လေကြောင်းထိန်းမျှော်စင် တာဝန်ယူတည်ဆောက်လျက်ရှိသည့် Pioneer Aerodrome Services (PAS) ကုမ္ပဏီမှ တာဝန်ရှိသူများက လေကြောင်းထိန်းမျှော်စင်အသစ် တည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ထားမှု၊ မြေသားစမ်းသပ်ဆောင်ရွက်ထားမှု၊ တည်ဆောက်မည့် လေကြောင်းထိန်းမျှော်စင်ဒီဇိုင်းတို့ကို ရှင်းလင်းတင်ပြပြီး Bore Pile ဆောင်ရွက်နေမှုနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြေလျှင်ဒဏ်ခံနိုင်သည့် Structure ဒီဇိုင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာကော်မတီများ၏ သဘောထားမှတ်ချက်၊ စစ်ဆေးမှုကိုခံယူပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး အလေးထားဆောင်ရွက်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းကျင်သည့် အင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်ရန်၊ လုပ်ငန်းအပိုင်းအလိုက် ပြီးစီးချိန်တွင် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိ/မရှိ စံချိန်စံညွှန်းစစ်ဆေးရေးနှင့် လုပ်ငန်းကြီးကြပ်ရေးကော်မတီများဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထား နေပြည်တော် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်၍ Battery Electric Locomotive တည်ဆောက်နေမှုများ၊ ဘက်ထရီလျှပ်စစ်ရထားတွဲ (BEMU) တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ခေါင်းထုတ်လုပ်တပ်ဆင်မှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီအချိန်မီပြီးစီးရေးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်၊ စက်ခေါင်းများကို သတ်မှတ်အချိန်ဇယား (Working Schedule)နှင့်အညီ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်မေလ ၁ ရက်၌ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် DEMU အမြန်ရထားတွဲများကို စစ်ဆေးကြည့်ရှုပြီး ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ အဆင်ပြေချောမွေ့စွာ လိုက်ပါစီးနင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အစိုးရအဖွဲ့၏ရက်ပေါင်း ၁၀၀ စီမံကိန်းတွင် ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များကို ကာလတိုအတွင်း အောင်မြင်အောင် ဆောင်ရွက်ရန်မှာကြား





နေပြည်တော် ဧပြီ ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉) နေပြည်တော်ရှိ လောကနတ်ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိအစိုးရ၏ အနာဂတ်ဆောင်ရွက်မည့် အစီအစဉ်များကို အသိပေးပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံ့စွမ်းအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရာတွင် အရေးပါသည့်ဝန်ကြီးဌာနဖြစ်ကြောင်း၊ တာဝန်သိသိ သစ္စာရှိရှိဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးနှင့် ဝန်ကြီးဌာနအကျိုးကို မိသားစုသဖွယ်စိတ်ဓာတ်ဖြင့် ထမ်းဆောင်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေးတွင် ရန်သူကို ကြားနေဖြစ်အောင် ဆောင်ရွက်ခြင်း၊ ကြားနေကို မိတ်ဆွေဖြစ်အောင်ဆောင်ရွက်ခြင်း၊ မိတ်ဆွေကို မဟာမိတ်ဖြစ်အောင် ဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ ကျန်နိုင်ငံများအားလုံးနှင့်လည်းကောင်း ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရအဖွဲ့၏ရက်ပေါင်း ၁၀၀ စီမံကိန်းတွင် ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များကို ကာလတိုအတွင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ပတွင် သွားရောက်တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံရပ်ခြားတွင် ရငွေနှင့် သုံးငွေမျှတစွာ သုံးစွဲရန်၊ သားသမီးများ ပြည်ပတွင် ပညာသင်ကြားရာတွင် မိမိတို့နိုင်ငံအပေါ် မျိုးချစ်စိတ်ရှိရန်၊ အမျိုး၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရေး သင်ကြားပေးရန်လိုကြောင်း၊ နိဂုံးချုပ်အနေဖြင့် ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းများ အောင်အောင်မြင်မြင်ဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ဆေးဝါးကုသပေးခြင်းများဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနများမှ ယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းနှင့် မိသားစုဝင်များ အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဆေးဝါးကုသပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ ကျင်းပသည်။

ဦးစွာ အပူဒဏ်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းနှင့် မိသားစုဝင်များ တက်ရောက်ကြပြီး မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ (ဆေး) ဖြစ်သူ ဒေါက်တာသန်းမင်းထွဋ်က ဝန်ထမ်းများနှင့် မိသားစုဝင်များအနေဖြင့် အပူဒဏ်အန္တရာယ်အကြောင်းကို သိရှိနားလည်ပြီး မလိုလားအပ်သော ဘေးအန္တရာယ်များကို ကောင်းစွာကြိုတင်ကာကွယ်နိုင်ရေးနှင့် ကျန်းမာပျော်ရွှင်စွာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ အပူဒဏ်ကြောင့်ဖြစ်ပွားသည့် ရောဂါလက္ခဏာများနှင့် သတိလစ်နေသည့် လူနာအား အရေးပေါ်ရှေးဦးပြုစုမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များကို ဟောပြောသည်။



ယင်းနောက်ဝန်ထမ်းများနှင့်မိသားစုဝင်များ၏ ကျန်းမာရေးအတွက် ယာယီဖွင့်လှစ်ထားသည့် ဆေးပေးခန်း၌ ဒေါက်တာသန်းမင်းထွဋ် ဦးဆောင်သောဆေးအဖွဲ့က ဆေးဝါးကုသပေးခြင်းများဆောင်ရွက်ပြီး ဝန်ထမ်းနှင့် မိသားစုဝင်များ၏ ကျန်းမာရေးအတွက် အသုံးပြုရန် ပို့ဆောင်ရေးဝန်ကြီးဌာနက လှူဒါန်းသည့် အလှူငွေကျပ် ၅၄၀၀၀၀၀ ကို ပို့ဆောင်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်ရာ ဒေါက်တာသန်းမင်းထွဋ်က လက်ခံရယူသည်။

အဆိုပါဟောပြောပွဲများနှင့် ဆေးဝါးကုသမှုများကို ဧပြီလ ၂၃ ရက်မှ ၂၇ ရက်အထိ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာန၊ အဖွဲ့အစည်းများ၏ ယာယီဝန်ထမ်းအိမ်ရာများသို့ ဆေးအဖွဲ့များဖြင့် သွားရောက်၍ ဆေးကုသမှုများ၊ အသိပညာပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အဖွဲ့ဝင်များတွေ့ဆုံ၍ လုပ်ငန်းစဉ်များဆွေးနွေး



နေပြည်တော် ဧပြီ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သောလုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီးဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) အဖွဲ့ဝင်များ တွေ့ဆုံ၍ လုပ်ငန်းစဉ်များဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ငါးဦး အပါအဝင် ကော်မတီဝင်စုစုပေါင်း ၁၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် ညှိနှိုင်းရေးကော်မတီကို ၂၀၂၂ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့တို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ယခင် NCA အရ ငြိမ်းချမ်းရေးကို ဆောင်ရွက်ရန် UPDJC ၊ JMC တို့ဖြင့် ဖွဲ့စည်းထားရှိပြီး ToR၊ SOP တို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ JMC တွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရန်ပါရှိသဖြင့် JMC အရပ်သားကိုယ်စားလှယ်များနှင့် JMC–TSC တို့ဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုများအား လိုအပ်သူများထံသို့ ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် ရွေးကောက်ခံအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ ရှိပြီဖြစ်သဖြင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် UPDJC၊ JMC လုပ်ငန်းစဉ်များအား ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ယနေ့အစည်းအဝေးသည် အသစ်ပြန်လည်ဖွဲ့စည်းထားသည့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ NSPNC အနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား နိုင်ငံတော်၏မူဝါဒများနှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ယုံကြည်မှုတည်ဆောက်ခြင်းအချက်တစ်ခုဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများထောက်ပံ့ပေးခြင်းကို အမှန်တကယ်လိုအပ်သည့်ပြည်သူများထံ JMC နှင့် ပေါင်းစပ်၍ ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံများမှ သဘောတူညီထားပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသည့် အစိတ်အပိုင်း ၁၊ ၂၊ ၃ ပါသဘောတူညီချက် ၇၂ ချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိ၊ မရှိ စိစစ်ဆောင်ရွက်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ NSPNC အဖွဲ့ဝင်သစ်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများအား အကြံပြုဆွေးနွေးပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကော်မတီဝင်များက ဆွေးနွေးရာတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူဖြစ်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးကြောင်း၊ NCA သည် ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးဖြစ်သည်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပြသရန်လိုကြောင်း၊ ယခင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသည့် လူပုဂ္ဂိုလ်များပါဝင်သည့် စေ့စပ်ညှိနှိုင်းမည့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏အကူအညီလည်း ရယူဆောင်ရွက်သွားသင့်ကြောင်း၊ ဆွေးနွေးရာတွင်အမှားကိုထောက်ပြခြင်းထက် အမှန်လမ်းကြောင်းကို ချပြဆွေးနွေးသင့်ကြောင်း၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ ရွေးချယ်ဆောင်ရွက်ခြင်းမျိုးပြုလုပ်သင့်ကြောင်း၊ ဆွေးနွေးမှုများတွင် ပြည်သူလူထုအသံ ပိုမိုပါဝင်အောင် ဆောင်ရွက်သင့်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုများ ဆက်လက်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေး၊ သတင်းအချက်အလက် ဖြန့်ဝေခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ငြိမ်းချမ်းရေးသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အားကိုလည်း ရယူရန်လိုကြောင်း၊ ပဋိပက္ခဒေသရှိ ဒေသခံများ၏အားကိုလည်း အသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မီဒီယာကဏ္ဍအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဒေသအတွင်းရှိ ပြည်သူလူထုများထံ ရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီးနောက် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

## တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကထက် ပိုမိုဆောင်ရွက်ကြရမည်



နေပြည်တော် ဧပြီ ၂၃

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တို့မှ အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်များကို ဝန်ထမ်းများအားလုံး သိရှိလိုက်နာပြီး အလေးအနက် ထားဆောင်ရွက်ကြရန် ယခုကဲ့သို့ ထပ်ဆင့်ရှင်းလင်းခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကထားမှာကြားကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အပြန်အလှန် အမှီသဟဲပြုနေကြောင်း၊ ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကထက် ပိုမိုအားသွန်ခွန်စိုက် ကြိုးပမ်းပြီး လာမည့်ရက် ၁၀၀ အတွင်း ထိရောက်သည့်အောင်မြင်မှုရရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်များ အောင်မြင်စေရေးအတွက် ဝန်ထမ်းများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

မြဝတီ

## နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်

နေပြည်တော် ဧပြီ ၂၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ပါသည်။

(မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇˚C | / | ၃၉˚C |
| ရန်ကုန် | ၂၆˚C | / | ၃၉˚C |
| မန္တလေး | ၂၇˚C | / | ၄၂˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ငြိမ်းချမ်းရေးအတွက်ဖိတ်ခေါ်ချက်နှင့် ဥပဒေဘောင်အတွင်းဝင်ရောက်ရေး တိုက်တွန်းနှိုးဆော်ချက်တို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်

၁။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့်နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန်အတွက် ကြိုတင် ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီး PDF အမည်ခံ အဖွဲ့အစည်းအသီးသီးတို့သည်လည်း နိုင်ငံတော် အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံး ပြန်လည်ခိုလှုံဝင်ရောက်ရန် နှိုးဆော်တိုက်တွန်းထားရာ ဆက်သွယ် ဆောင်ရွက်လိုပါက အောက်ပါတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း ကော်မတီအဖွဲ့ဝင်ရုံး ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင် ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) လုပ်ငန်းကော်မတီရုံး (နေပြည်တော်)**
- (၁) ၀၃၂-၃၀၀၃၇၊ ၀၃၂-၃၀၁၅၅၊ ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၆၁၁၉၈၅၅၄၊ ၀၉-၂၆၁၁၇၉၀၀၅

**(ခ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၉၁၀၁၆၆၉၊ ၀၉-၃၉၁၀၁၈၁၇၊ ၀၁-၃၃၃၁၆၃၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၄၃၆၇၈၇၊ ၀၉-၂၆၁၁၇၉၀၂၂

**(ဂ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ကယားပြည်နယ်)**
- (၁) ၀၃၄-၃၂၁၃၁၊ ၀၃၄-၃၇၃၀၅၊ ၀၃၄-၃၇၃၀၆၊ ၀၃၄-၃၇၃၁၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၆၄၃၈၀၇၀၇၊ ၀၉-၈၈၅၆၀၄၅၄၅

**(ဃ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ကရင်ပြည်နယ်)**
- (၁) ၀၃၇-၃၆၄၀၈၊ ၀၃၇-၃၆၂၀၇၊ ၀၅၈-၂၀၂၄၃၇၊ ၀၅၈-၂၀၂၄၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၅၂၉၄၃၅၁၊ ၀၉-၈၉၃၃၃၇၅၇၅

**(င) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ချင်းပြည်နယ်)**
- (၁) ၀၃၃-၃၂၃၁၄၊ ၀၃၃-၆၀၅၃၄၊ ၀၁-၃၃၃၆၆၀၀
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၇၂၄၈၉၉၊ ၀၉-၂၅၄၉၄၈၇၅၄

**(စ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၃၃-၃၂၃၆၆၊ ၀၃၃-၃၁၂၁၂၊ ၀၇၁-၂၀၃၂၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၈၄၆၇၀၂၄၊ ၀၉-၂၆၁၁၇၉၁၀၂

**(ဆ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၃၇-၄၀၀၀၅၊ ၀၉-၆၉၆၇၁၁၅၇၇၊ ၀၅၉-၂၀၂၃၆၂၄၊ ၀၅၉-၂၀၂၃၆၂၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၈၄၇၇၁၁၁၊ ၀၉-၆၉၅၁၁၇၆၇၆၊ ၀၉-၂၅၆၄၈၀၂၉၅

**(ဇ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၃၂-၃၃၁၄၃၊ ၀၃၂-၃၃၁၄၆၊ ၀၅၂-၂၂၀၁၈၀၀၊ ၀၅၂-၂၂၀၀၇၈၉၊
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၅၅၅၄၂၁၈၆၊ ၀၉-၈၉၉၆၂၃၈၆၆

**(ဈ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၃၂-၃၁၀၄၆၊ ၀၃၂-၃၂၆၁၀၊ ၀၆၃-၂၀၂၈၈၇၇၊ ၀၆၃-၂၀၂၆၆၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၃၀၅၂၅၈၀၊ ၀၉-၂၆၁၁၇၉၁၆၇၊ ၀၉-၂၅၅၀၀၂၅၁၀

**(ည) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၃၃-၃၃၀၅၃၊ ၀၃၃-၃၃၁၄၇၊ ၀၂-၄၀၂၄၉၈၂၊ ၀၂-၄၀၃၉၀၈၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၀၁၀၉၇၉၇၊ ၀၉-၄၅၅၃၆၅၁၇၁

**(ဋ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (မွန်ပြည်နယ်)**
- (၁) ၀၃၇-၃၀၀၄၈၊ ၀၃၇-၃၀၀၁၁၊ ၀၅၇-၂၀၂၇၉၁၀၊ ၀၅၇-၂၀၂၇၉၁၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၉၃၂၃၂၀၊ ၀၉-၄၂၆၂၇၆၃၀၅

**(ဌ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ရခိုင်ပြည်နယ်)**
- (၁) ၀၃၂-၃၁၇၇၇၊ ၀၃၂-၃၁၇၁၁၊ ၀၉-၈၉၉၆၂၁၄၂၀
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၃၇၆၂၆၉၊ ၀၉-၈၉၉၆၄၁၉၂၁

**(ဍ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၃၁-၂၅၉၃၆၊ ၀၃၁-၂၅၉၄၄၊ ၀၁-၈၃၀၁၂၀၅၊ ၀၁-၈၂၂၁၀၁၇၊
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၀၇၈၈၂၁၆၊ ၀၉-၄၄၃၄၄၀၁၁၃

**(ဎ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ရှမ်းပြည်နယ်)**
- (၁) ၀၉-၃၉၁၀၄၆၇၀၊ ၀၃၄-၃၈၆၁၂၊ ၀၃၄-၃၃၁၀၄၊ ၀၈၁-၂၂၀၁၉၂၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၂၂၇၃၃၁၂၊ ၀၉-၂၅၂၇၉၈၈၅၉

**(ဏ) လုပ်ငန်းကော်မတီ အဖွဲ့ဝင်ရုံး (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၃၁-၂၁၁၂၁၊ ၀၃၁-၂၁၀၀၃၊ ၀၄၂ - ၂၃၆၇၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၂၁၂၆၈၀၁၊ ၀၉-၉၇၁၀၉၅၀၅၀

၂။ အပြုသဘောဆောင်သည့် ဆက်သွယ်လာမှုများကို လက်ခံ ဖြေကြား၍ ဆက်လက်ဆောင်ရွက်ရမည်များကို ရှင်းလင်းပြောကြား ပေးခြင်း၊ သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ပေး ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါ သည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်**
**ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ**

# လျှော်ဒဏ်ကြောင့်ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများပြုပြင်ခြင်းနှင့် အိမ်ရာအသစ်တည်ဆောက်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင်နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေး လျှော်ကြီးကြောင့်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများအတွက် ဝန်ထမ်းအိမ်ရာအသစ်များပြန်လည်တည်ဆောက်ပေးခြင်းလုပ်ငန်းနှင့် အနီရောင်အဆင့်ပျက်စီးသောဝန်ထမ်းအိမ်ရာအဆောက်အအုံ ပြင်ဆင်ခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဝန်ထမ်းအိမ်ရာများအသစ်ပြန်လည်တည်ဆောက်နေသည့် နေပြည်တော်ကောင်စီနယ်မြေ အကွက်အမှတ် (၈-က)သို့ သွားရောက်ပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က Modular House များဖြင့် ယာယီနေထိုင်နေသည့် နိုင်ငံ့ဝန်ထမ်းများကို အမြန်ဆုံးနေရာချထားပေးနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာများကို မဂ္ဂနီကျူ ၈ အထိ လျှော်ဒဏ်ခံနိုင်စေရေး ဒီဇိုင်းထုတ်လုပ်ထားပြီးဖြစ်၍ စနစ်တကျသိရှိလိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေးစစ်ဆေးခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်ထားသော အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးစေရေးတို့ကိုအလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ဆောက်လုပ်ရေးကုမ္ပဏီအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများက အိမ်ရာစီမံကိန်းတည်ဆောက်ခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အိမ်ရာစီမံကိန်းလုပ်ငန်းလျာထားချက်၊ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မန္တလေးလျှော်ကြီးကြောင့်ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများအတွက် အကွက်အမှတ် (၈-က) တွင်အဆောက်အအုံ ၆၁ လုံး (၉၇၆ ခန်း)၊ အကွက်အမှတ် (၈-ခ) တွင် အလုံး ၄၀ (၆၄၀ ခန်း)၊ အကွက်အမှတ် (၃) တွင် ၇၈ လုံး (၁၂၄၈ ခန်း)၊ အကွက်အမှတ်(၄)တွင် ၁၁၂ လုံး (၁၇၉၂ ခန်း) စုစုပေါင်း တိုက် ၂၉၁ လုံး (အခန်း ၄၆၅၆ ခန်း) ကို စတင်တည်ဆောက်လျက်ရှိပြီး လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာပြီးစီးရေးစနစ်တကျကြပ်မတ်၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ အနီရောင်အဆင့်သတ်မှတ်ထားသောအဆောက်အအုံများ ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လျှော်ဒဏ်ကြောင့်ပျက်စီးခဲ့ရသော အဆောက်အအုံများပြန်လည်ပြုပြင်ရာတွင် ပျက်စီးမှုအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (Standard Operation Procedure-SOP)ကို ပြုစုဖြန့်ဝေထားပြီးဖြစ်၍ ကုမ္ပဏီများအနေဖြင့် ပြင်ဆင်ခြင်းအပိုင်းတွင်လည်းကောင်း၊ သက်ဆိုင်သောဌာနများ၏ ကြီးကြပ်မှုအပိုင်းတွင်လည်းကောင်း တိတိကျကျလိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဇူလိုင်လကုန်ပြီးစီးနိုင်သောအဆောက်အအုံများကို ဦးစားပေးစိစစ်ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ Modular House များ ယာယီနေထိုင်သောဝန်ထမ်းများကို ဆောလျင်စွာပြန်လည်နေရာချထားပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

လျှော်ကြောင့်ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်ရမည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ၁၃၃၄ လုံးအနက် ၁၁၀၄ လုံးအား ပြင်ဆင်ပြီးစီး၍ အဆောက်အအုံ ၉၂၄ လုံး (အိမ်ထောင်စုအနေဖြင့် ၁၀၈၄၁ စုနှင့် အပျို / လူပျို ၁၂၆၈၀ စုစုပေါင်း ဝန်ထမ်းအင်အား ၂၃၅၂၁ ဦး) အား ပြန်လည်နေရာချထားပေးပြီး ပြုပြင်ဆဲအနီရောင်အဆင့်အဆောက်အအုံ အလုံး ၂၃၀ အား ပျက်စီးမှုအမျိုးအစားအလိုက်ပြုပြင်ရမည့် SOP များနှင့်အညီ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသိအမှတ်ပြု လက်မှတ်ရရှိပြီးသော Professional Engineer (PE) များ၊ Register Senior Engineer (RSE)များက တာဝန်ခံ၍ စနစ်တကျပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# သတိပြုဖွယ်ရာ တည်ငြိမ်လျှပ်စစ်အန္တရာယ်

မောင်မောင်စွယ်စုံထွန်း

တစ်ခုခုနှင့်ထိတွေ့လိုက်သည့်အခါ ဓာတ်လိုက်သလိုမျိုးဖြစ်စဉ်ကိုလူတိုင်းနီးပါးခံစားဖူးကြပါလိမ့်မည်။ အဆိုပါခံစားရခြင်းမျိုးသည် ရူပဗေဒသဘောတရားအရ ဖြစ်ပေါ်သည့် ဖြစ်စဉ်တစ်ခုသာဖြစ်သည်။ အဆိုပါဖြစ်စဉ်သည် လျှပ်စစ်ဓာတ်အပေါင်းအနုတ်များ မမျှတခြင်းကြောင့် ဖြစ်ပေါ်လာတတ်သည့် တည်ငြိမ်လျှပ်စစ်ပင်ဖြစ်သည်။

ခန္ဓာကိုယ်သည် အရာဝတ္ထုတစ်ခုခုနှင့် ပွတ်တိုက်သည့်အခါမျိုး (ဥပမာ-ကော်ဇောပေါ် ခြေကိုရှပ်တိုက်ပွတ်ပြီးလျှောက်သည့်အခါမျိုး)တွင် ကော်ဇော၌ရှိသည့် အနုတ်ဓာတ်များသည် လူ့ခန္ဓာကိုယ်ကိုရောက်ရှိလာသည်။ အနုတ်ဓာတ်များနေသည့် ခန္ဓာကိုယ်သည် လျှပ်ကူးနိုင်သည့် ပစ္စည်းတစ်ခုခု (ဥပမာ-တံခါးလက်ကိုင်)နှင့်ထိတွေ့သည့်အခါ အနုတ်ဓာတ်များမှလျှပ်စီးအသွင်ဖြင့် တံခါးလက်ကိုင်ကိုစီးဆင်းသွားသည်။ ထိုသို့ဖြစ်သည့်အချိန်၌ လူသည် ဓာတ်လိုက်သလိုမျိုးခံစားရခြင်းဖြစ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်ကို အနုတ်ဓာတ်ဝင်ရောက်စေမည့် ပစ္စည်း၊ အပြုအမူ တစ်နည်းအားဖြင့် တည်ငြိမ်လျှပ်စစ်ဖြစ်စေမည့် အကြောင်းအရာများကိုရှောင်ကြဉ်သင့်သည်။ တည်ငြိမ်လျှပ်စစ်ဖြစ်စေသည့် အကြောင်းအရာများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အရာဝတ္ထုနှစ်ခုပွတ်တိုက်ခြင်း (ဥပမာ-ကော်ဇောပေါ် ခြေကိုရှပ်တိုက်ပွတ်တိုက်ပြီးလျှောက်ခြင်း၊ ကျပ်သောအဝတ်အစားများဝတ်သောကြောင့် ကိုယ်နှင့်အဝတ်ပွတ်တိုက်ခြင်း)။

(၂) ခန္ဓာကိုယ်တွင်း ရေဓာတ်နည်းခြင်း။

(၃) ဓာတုနည်းဖြင့်ပြုလုပ်သောအမျှင်များဖြင့်ရက်လုပ်သောအထည်များ(ပိုလီအက်စတာ၊ နိုင်လွန်)(ဥပမာ-ကော်ဇော) ထိတွေ့ဝတ်ဆင်ခြင်း။

(၄) စိုထိုင်းဆနည်းသော ခြောက်သွေ့သောရာသီဥတုတွင် နေထိုင်ခြင်း။

(၅) အစိုဓာတ်လုံးဝမရှိအောင် အခြောက်ခံစက်များဖြင့်အခြောက်ခံထားသော အဝတ်အထည်များဝတ်ဆင်ခြင်း စသည့်အချက်များကြောင့် တည်ငြိမ်လျှပ်စစ်ကိုဖြစ်ပေါ်စေနိုင်သည်။

အဆိုပါတည်ငြိမ်လျှပ်စစ်မျိုးမဖြစ်ပေါ်စေရန် အောက်ပါအတိုင်းကာကွယ်နိုင်သည်-

(၁) မိမိခန္ဓာကိုယ်နှင့် အရာဝတ္ထုများပွတ်တိုက်ခြင်းမရှိအောင်ဂရုစိုက်ပါ။ ကြမ်းခင်းပေါ်လမ်းလျှောက်လျှင် ခြေအိတ်၊ ဖိနပ်မဝတ်ဘဲလမ်းလျှောက်ပါ။

(၂) သဘာဝချည်မျှင်နှင့်ရက်လုပ်ထားသော အဝတ်အထည်များ (cotton )ဝတ်ဆင်ပါ။ သဘာဝချည်မျှင်နှင့်ရက်လုပ်ထားသော ကော်ဇောများအသုံးပြုပါ။ ကိုယ်ကျပ်အင်္ကျီများသည် ပွတ်တိုက်မှုကို ပိုမိုဖြစ်စေနိုင်သောကြောင့် ခပ်ပွပွအဝတ်များကိုသာဝတ်ဆင်ပါ။

(၃) အရေပြားတွင် အစိုဓာတ်ရှိအောင် ရေများများသောက်ပါ။ အစိုဓာတ်ပါသော lotion များလိမ်းပေးပါ။

(၄) ဖျန်းဆေးများ၊ အဝတ်အထည်ကို ပျော့ပျောင်းစေသောဆေးများအသုံးပြုနိုင်သည်။ အဆိုပါဆေးများမရှိပါက ရှလကာရည် သို့မဟုတ် မုန့်ဖုတ်ဆိုဒါကို အဝတ်ညှစ်ချိန် သို့မဟုတ် အခြောက်မခံခင် အနည်းငယ်ထည့်ပေးပါ။

(၅) အခြားအရာများနှင့်မထိတွေ့ခင် မြေကြီးနှင့်ထိထားသောသတ္တုနှင့်ပြုလုပ်ထားသော ပစ္စည်းတစ်ခုခုနှင့်အရင်ထိပါ။

(၆) သားရေအောက်ခံဖြင့် ပြုလုပ်သော ဖိနပ်မျိုးစီးပါ။

(၇) ပတ်ဝန်းကျင်စိုထိုင်းဆများအောင် ရေငွေ့ပေးစက်အသုံးပြုပေးပါ။

(၈) anti-static wristband (လက်ကောက်)များဝတ်ဆင်ခြင်းနှင့် anti-static hand lotion များလိမ်းခြင်း စသည်တို့ဖြင့် တည်ငြိမ်လျှပ်စစ်မဖြစ်ပေါ်စေရန် ကာကွယ်နိုင်သည်။

လူတစ်ယောက်ကို တစ်ခါတစ်ရံ လက်ဖြင့်လှမ်းထိလိုက်သည့်အခါမျိုး၊ လှမ်းပုတ်လိုက်သည့်အခါမျိုးတွင် ကျဉ်ခနဲဖြစ်သွား၍ လက်ရုပ်လိုက်ရတတ်သည်။ နောက်တစ်ခါထပ်ထိကြည့်လျှင် ဘာမှမဖြစ်တော့ပါ။ မည်သည့်အတွက်ကြောင့်ဖြစ်ရသည်ကို လေ့လာကြည့်မည်ဆိုပါက ပစ္စည်းတိုင်း၏ အသေးဆုံး Unit ကို Atom ဟုခေါ်သည်ကိုအားလုံးသိရှိကြပြီးဖြစ်သည်။ Atom များထဲ၌ Electron, Neutron, Proton စသည်များပါရှိကြောင်း သင်ကြားခဲ့ကြရသည်လည်းဖြစ်သည်။ ပွတ်တိုက်မှုများဖြစ်လျှင် Electron များထွက်လာပြီး Positive ရှိသည့် မျက်နှာပြင်နှင့်တွေ့လျှင် Electron များက ပြေးကပ်သွားသည့်အတွက် ဓာတ်လိုက်သလို ခံစားရခြင်းသာဖြစ်သည်။ အဆိုပါကိစ္စကို ကိုယ်တိုင်စမ်းသပ်ကြည့်လိုပါက ပေတံတစ်ချောင်းကိုဆံပင်နှင့်ပွတ်ကြည့်ပါ။ ခဏကြာလျှင် ပေတံကို ဆံပင်နှင့်ခပ်ခွာခွာထားသည့်အခါ ဆံပင်များက ပေတံဆီကိုလှမ်း၍ကပ်နေသည်ကို တွေ့ရပါလိမ့်မည်။ လေဘောလုံးတစ်လုံးကိုလေမှုတ်ပြီး အဝတ်နှင့်ပွတ်လိုက်ပါ။ static energy ထွက်လာသည့်အတွက် အဆိုပါ လေဘောလုံးကို နံရံနားတွင်ထားသည့်အခါ နံရံနှင့်ကပ်နေသည်ကိုလည်း မြင်တွေ့ဖူးကြပါလိမ့်မည်။ ထို့ကြောင့် လူအချင်းချင်းထိမိလို့ ကျဉ်သွားသည်ဆိုသည်မှာ တည်ငြိမ်လျှပ်စစ်ကြောင့်သာဖြစ်သည်။

> “တည်ငြိမ်လျှပ်စစ်ဆိုသည်မှာ အရာဝတ္ထုနှစ်ခုပွတ်တိုက်မိရာမှ ထွက်ပေါ်လာသည့် လျှပ်စစ်ဓာတ်မျိုးဖြစ်ရာ ဓာတ်ဆီအငွေ့နှင့်တစ်ခုခုပွတ်တိုက်မိခြင်း သို့မဟုတ် ခန္ဓာကိုယ်ရှိအဝတ်အစား စသည်တို့၌ ဖြစ်တည်လာသော တည်ငြိမ်လျှပ်စစ်ဓာတ်မှ မီးပွားအသေးစားတစ်ခုထွက်ပေါ်လာခြင်းမျိုးဖြစ်ရုံဖြင့် မီးအကြီးအကျယ်လောင်ကျွမ်းသွားစေနိုင် . . .”

လျှပ်စစ်လိုင်းများခုန်ကူးမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝအလျောက် ဓာတ်လိုက်မှု အသေးစားတစ်မျိုးသာဖြစ်သည်။ သို့သော် ဘာမှမဖြစ်နိုင်ဟုဆိုပြီး ပေါ့လျော့နေ၍ လုံးဝမရသောအန္တရာယ်အလွန်ကြီးလာနိုင်သောကိစ္စတစ်မျိုးဖြစ်သည်။ တစ်ခါတစ်ရံ ပြင်းထန်သည့်အခါမျိုးတွင် ထိခိုက်ဒဏ်ရာရခြင်းမျိုး ဖြစ်နိုင်ခြေအနည်းငယ်ရှိသည့်အတွက်ဖြစ်သည်။ ယေဘုယျအားဖြင့် လျှပ်စစ်တွင် တည်ငြိမ်လျှပ်စစ်နှင့်ရွေ့လျားလျှပ်စစ်ဟူ၍ ပုံစံနှစ်မျိုးရှိရာ၌ တည်ငြိမ်လျှပ်စစ်သည် တစ်နေရာတည်း၌ တည်ငြိမ်ပြီး ပွားများစေတတ်သည့် သဘောဆောင်သော လျှပ်စစ်ဓာတ်တစ်မျိုးသာဖြစ်သည်။ တစ်နေရာတည်း၌ တည်ငြိမ်စွာစုစည်းနေပြီး ရုတ်တရက်ပေါ်ထွက်လာတတ်သည့်အတွက် အမှုမဲ့အမှတ်မဲ့နှင့် အန္တရာယ်ရှိတတ်သည့် လျှပ်စစ်ဓာတ်မျိုးဖြစ်သည်။ Static Shocks ကိုဖြစ်စေသည့်အရာလည်းဖြစ်သည်။

လေ့လာချက်များအရဆိုလျှင် Static Shock သည် နေရောင်နှင့်လည်း တိုက်ရိုက်သက်ဆိုင်တတ်သဖြင့် ညနေခင်းများနှင့် ညဘက်များဆိုလျှင် မဖြစ်ပေါ်တတ်ဟုဆိုနိုင်သည်။ အဆိုပါအချိန်များတွင် လူများ၌ နေ၏စွမ်းအင်နည်းပါးနေတတ်ခြင်းကြောင့်လည်းဖြစ်သည်။

အဝတ်အထည်၊ ပတ်ဝန်းကျင်နှင့် ရာသီဥတုအခြေအနေများအပေါ်မူတည်၍လည်း ဖြစ်နိုင်ခြေရှိသည်။ အချို့သော Static Shock များသည် အန္တရာယ်မများပါဟုဆိုသော်လည်း ခဏခဏဖြစ်နေမည်ဆိုလျှင် မကောင်းသည့်အကျိုးဆက်အချို့ရှိလာနိုင်သည်။

တစ်ခါတစ်ရံ ပြင်းထန်တတ်ပြီး အလွန်အမင်းနာကျင်ခြင်း၊ သတိလစ်ခြင်း၊ ဦးနှောက်ထိခိုက်ခြင်း၊ စိတ်ဖိစီးခြင်း၊ ပူပင်စိတ်များခြင်း၊ စရိုက်လက္ခဏာပြောင်းသည့် စိတ်ဝေဒနာစွဲကပ်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ပုံမှန်မဟုတ်သည့် နာကျင်မှုဝေဒနာခံစားရခြင်းနှင့် ခန္ဓာကိုယ်အပြင်းအထန်နာကျင်သည့်ရောဂါများ စွဲကပ်ခြင်းများဖြစ်လာနိုင်ခြေရှိသည်။

ကြောက်မက်ဖွယ်အကောင်းဆုံးအန္တရာယ်မှာ မော်တော်ယာဉ်အသုံးပြုသူများအနေဖြင့် တစ်ခါတစ်ရံ Static Shock မှတစ်ဆင့် Electric Discharge ဖြစ်ပြီး မီးလောင်ခြင်းမျိုးအထိ ဖြစ်နိုင်ခြင်းမျိုးဖြစ်သည်။

Static Shock သည် အလွန်အမင်းအန္တရာယ်များသည့် ပြဿနာတစ်ခုမဟုတ်သော်လည်း သတိမမူမိလျှင် ဘေးထွက်ဆိုးကျိုးအနေဖြင့် မတော်တဆဖြစ်မှုမျိုးကြုံရနိုင်သဖြင့် အထူးသတိပြုသင့်သည့် ကိစ္စရပ်တစ်ခုလည်းဖြစ်သည်။ ဖြစ်တတ်သည်မှာ အနီးအနား၌ မီးလောင်လွယ်သည့် ပစ္စည်းများရှိနေခဲ့လျှင် ခန္ဓာကိုယ်က လျှပ်စစ်ဓာတ်မှတစ်ဆင့် မီးလောင်နိုင်သည်။

ယနေ့လိုလောင်စာဆီအခက်အခဲရှိနေချိန်မျိုးတွင် လူအချို့သည်ဓာတ်ဆီ၊ ဒီဇယ်ဆီများကို သိုလှောင်ကိုင်တွယ်မှုများပြုလုပ်လာကြရာ၌ ကိုင်တွယ်မှုမတတ်ပါက မီးလောင်မှုနှင့် တိုက်ရိုက်ရင်ဆိုင်ရနိုင်သည့် အန္တရာယ်ရှိနေသည်။ အထူးသဖြင့် ပူပြင်းသည့်နွေရာသီတွင် ဓာတ်ဆီကို တစ်ပုံးမှတစ်ပုံးသို့ ပြောင်းလဲရာ၌ အထူးသတိပြုရမည့် အဓိကတရားခံမှာ တည်ငြိမ်လျှပ်စစ်ပင်ဖြစ်သည်။

တည်ငြိမ်လျှပ်စစ်ဆိုသည်မှာ အရာဝတ္ထုနှစ်ခုပွတ်တိုက်မိရာမှထွက်ပေါ်လာသည့် လျှပ်စစ်ဓာတ်မျိုးဖြစ်ရာ ဓာတ်ဆီအငွေ့နှင့်တစ်ခုခုပွတ်တိုက်မိခြင်း သို့မဟုတ် ခန္ဓာကိုယ်ရှိအဝတ်အစား စသည်တို့၌ ဖြစ်တည်လာသော တည်ငြိမ်လျှပ်စစ်ဓာတ်မှ မီးပွားအသေးစားတစ်ခုထွက်ပေါ်လာခြင်းမျိုးဖြစ်ရုံဖြင့် မီးအကြီးအကျယ်လောင်ကျွမ်းသွားစေနိုင်သည်။ ထို့ကြောင့် စက်သုံးဆီသိုလှောင်သူများ၊ စက်သုံးဆီလှယ်သူများအတွက် မဖြစ်မနေလိုက်နာရမည့် အချက်များကို မပျက်မကွက်လိုက်နာသွားကြရန် အထူးပင်လိုအပ်လှသည်။ ဓာတ်ဆီကိုတစ်ပုံးမှတစ်ပုံးသို့ ပြောင်းလဲခြင်း သို့မဟုတ် ဆီဖြည့်ခြင်းများပြုလုပ်ရာတွင် ဘေးကင်းစေရန်အတွက် အောက်ပါအချက်များကို တိကျစွာလိုက်နာသင့်သည် -

(၁) ရေစိုမြေကြီးပေါ်တွင်သာလုပ်ဆောင်ပါ။ ဆီကိုင်တွယ်မည့်ပတ်ဝန်းကျင်ရှိ မြေပြင်ကို ရေစိုနေပါစေ။ ဖြစ်ပေါ်လာသမျှ လျှပ်စစ်ဓာတ်များကို မြေကြီးထဲသို့ ပြန်ပို့နိုင်ရန်ဖြစ်သည်။

(၂) သစ်သားကြမ်းခင်းကိုရှောင်ပါ။ သစ်သား သို့မဟုတ် ကော်ဇောပေါ်တွင် ဆီလှယ်ခြင်း လုံးဝမပြုလုပ်ပါနှင့်။ ၎င်းတို့သည် လျှပ်စစ်စီးဆင်းမှုကို တားဆီးထားသဖြင့် အန္တရာယ်ကိုမြင့်တက်စေသည်။

(၃) ဖိနပ်မစီးပါနှင့်၊ ဆီပြောင်းမည့်သူသည် ဖိနပ်မစီးဘဲ ရေစိုမြေကြီးပေါ်တွင် တိုက်ရိုက်ရပ်ထားသင့်ပါသည်၊ သို့မှသာ ခန္ဓာကိုယ်တွင်းရှိ Static Charge များမြေကြီးထဲစီးဆင်းသွားမည်ဖြစ်သည်။

(၄) ဆီပိုက်ကို မြေကြီးနှင့်အရင်ထိတွေ့ပါ၊ ဆီပြောင်းရာတွင်အသုံးပြုမည့်ပိုက်သို့မဟုတ် ကိရိယာများကို မြေပြင်နှင့်အရင်ထိတွေ့ပြီးမှ အသုံးပြုပါ။

ပူပြင်းခြောက်သွေ့သောနွေကာလများတွင် ဓာတ်ဆီလဲလှယ်ရင်း မီးလောင်ရခြင်း၏အရင်းခံမှာ အဓိကအားဖြင့် တည်ငြိမ်လျှပ်စစ်ကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ကာကွယ်မှုအနေဖြင့် အောက်ပါအတိုင်း မပျက်မကွက်လုပ်ဆောင်ကြရန်အထူးလိုအပ်ပါသည်-

(၁) ဆီပန့်ဆိုင်များ၌ ဆီဖြည့်ဂေါက်များတွင် သံစပရင်ဝိုင်ယာများ ထည့်သွင်းထားရမည်။

(၂) ကားတာယာများ၌ တာယာထုတ်လုပ်ရာတွင် လျှပ်စစ်စီးဆင်းနိုင်သည့် ကာဗွန်ကိုထည့်သွင်း၍ လမ်းနှင့်ပွတ်တိုက်ရာမှ ရရှိသောလျှပ်စစ်ကို မြေကြီးထဲသို့ စွန့်ထုတ်စေရမည်။

ဤနေရာတွင်အထူးသတိပေးချက်အနေဖြင့် ထပ်မံ၍သတိပေးလိုသည်မှာ ဓာတ်ဆီသည်နွေရာသီအပူချိန်တွင် အလွန်လျင်မြန်စွာအငွေ့ပြန်သည်။ အထူးသတိပြုရမည်မှာ ဆီလှယ်နေစဉ်အတွင်း ဖုန်းအသုံးပြုခြင်း၊ နိုင်လွန်အဝတ်အစားများဝတ်ဆင်ခြင်းတို့သည် တည်ငြိမ်လျှပ်စစ်ကို static shock အမြန်ဆုံးဖြစ်ပွားစေနိုင်သဖြင့် အထူးရှောင်ကြဉ်ကြရမည့်ကိစ္စများဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် လောင်စာဆီများကို မဖြစ်မနေချွေတာရမည်၊ သိုလှောင်ကြရမည်ဆိုပါက မီးဘေးအန္တရာယ်မရှိစေရန်အတွက် လိုက်နာရမည့်အချက်အလက်များကို သိရှိနားလည်ထားရန်နှင့်လိုက်နာကြရန်အထူးလိုအပ်သည်။ နည်းစနစ်မှန်ကန်သော ကိုင်တွယ်မှုတစ်ခုသည် သင့်မိသားစုနှင့် ပတ်ဝန်းကျင်ကို မီးဘေးအန္တရာယ်မှ ကင်းဝေးစေနိုင်မည်ဖြစ်သည်။ ဥပဒေကြောင်းအရကြည့်ပါကလည်း လောင်စာဆီများကို တရားမဝင်သိုလှောင်သိမ်းဆည်းထားခြင်းသည် ပြစ်မှုမြောက်သဖြင့် အထူးသတိပြုဆင်ခြင်ကြစေလိုသည်။ တည်ငြိမ်လျှပ်စစ်နှင့်စပ်လျဉ်း၍ ရှောင်ကြဉ်ရမည့်အချက်များကို အထူးသတိပြုလိုက်နာပေးနိုင်ကြပါရန် သတိပေးရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ပျိုး/မွေးမြူရေးဇုန်အတွင်းရှိ နို့စားနွားနှင့်အသားစားကြက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

⊃ စာမျက်နှာ ၁၇ မှအဆက်

အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်း နေထိုင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် နေရေး၊ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့် အခြားအထွေထွေ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ အမြဲမပြတ် ဖြည့်ဆည်းပေးလျက်ရှိပြီး ထိုက်သင့်သည့် ချီးမြှင့်မှုများနှင့် လိုအပ်သည့်သက်သာချောင်ချိရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရေးတိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှု ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖော်ဆောင်ပေးသွားရန် အလေးထားမှာကြားလိုကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုအားကောင်းလာမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိဝင်ငွေနှင့်ထွက်ငွေကို မျှတစွာသုံးစွဲတတ်ရန် လိုအပ်ပြီး တာဝန်ရှိသူများကလည်း သက်သာချောင်ချိမှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဝင်ငွေနှင့် ထွက်ငွေမျှတစေရေး၊ ခြိုးခြံချွေတာရန် လိုအပ်သကဲ့သို့ မလိုလားအပ်ဘဲ အပိုကုန်ကျနိုင်မည့် အပျော်အပါး၊ လောင်းကစားမှုဆိုင်ရာကိစ္စ စသည့်ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း အရာရှိ၊ စစ်သည်၊ မိသားစုများ လိုက်နာရန်လိုအပ်ကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပညာရည်မြင့်မားစေရေးအတွက် လိုအပ်သည်များ စဉ်ဆက်မပြတ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မိဘများအနေဖြင့်လည်း စစ်သည်များ၊ ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန်၊ တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း။

တပ်မတော်သားများသည် သစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုနေကြသူများဖြစ်ပြီး နိုင်ငံတော်နှင့်ပြည်သူကို သစ္စာခံထားသူများဖြစ်၍ ၂၄ နာရီပေးအပ်သည့် အမိန့်နှင့် တာဝန်များကို သင်ကြားလေ့ကျင့်ပေးသည့် စစ်ပညာရပ်များကိုအသုံးချ၍ ပြည်သူကအားကိုးရသည့် တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်၍ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်လိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကိုမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူးနှင့်တပ်နယ်မှူးတို့က လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်များရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ ဇနီးနှင့် တပ်နယ်မှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ညနေပိုင်းတွင်လည်း တြိဂံဒေသတိုင်းစစ်ဌာနချုပ် စိုက်ပျိုး/မွေးမြူရေးဇုန်အတွင်းရှိ နို့စားနွား၊ အသားတိုးနွား၊ DYL ဝက်၊ ငါး၊ ဥစားကြက်၊ အသားစားကြက်၊ ကာကီကင်းဘဲများ၊ ဒေသကြက်များမွေးမြူထားရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာ့အားကစား ပြန်လည်ဦးမော့လာအောင် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လို

နေပြည်တော် ဧပြီ ၂၃

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများအားထပ်ဆင့်ရှင်းလင်းခြင်းနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းရှိ အားကစားရုံ(A)၌ ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်း အင်အား ၈၀၀ ကျော် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်တွင် ရက် ၁၀၀ စီမံချက်နှင့်စပ်လျဉ်းပြီး အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football For School Program ကိုလည်း ပညာရေးဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အားလုံးပြိုင်တူတွန်းလှျင်ရွေ့သည့်အတွက် မြန်မာ့အားကစား ပြန်လည်ဦးမော့လာအောင် စိတ်တူကိုယ်တူဖြင့် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးညီညီက မိမိဝန်ကြီးဌာနနှင့် အားကစားလောကဖွံ့ဖြိုးတိုးတက်၍ မြန်မာ့အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် စိတ်နှစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ပြည်ထောင်စုဝန်ကြီးချမှတ်ထားသည့် မဟာဗျူဟာများအတိုင်း နည်းဗျူဟာများကို စနစ်တကျရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းပေးပို့ထားသည့် ပန်းပေါင်းစုံဘုရား ၄၅ ဆူအား အမှုထမ်း ၆၁၁ ဦးကို မဲနှိုက်ပေးပြီး ဘုရားမဲပေါက်သည့်ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပန်းပေါင်းစုံဘုရားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မိုင်းခတ်နှင့် မိုင်းယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

၁ ကျောဖုံးမှအဆက်

တပ်မတော်သားများ ဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံမှုနှင့် စနစ်တကျနေထိုင်တတ်မှုသည်အရေးကြီးကြောင်း၊ ကွပ်ကဲအုပ်ချုပ်သည့် ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင်ကစ၍ စည်းစနစ်တကျနေထိုင်ပြီး လက်အောက်ကိုလည်း စည်းကမ်းတကျ ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း၊ သို့မှသာ ပြည်သူကလေးစားအားကျယုံကြည်အားကိုးရသည့် တပ်မတော်သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

တပ်မတော်၏ ကောင်းမွန်သည့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာကွယ်ရန်မှာ တပ်မတော်သားအားလုံးတွင် တာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည်ဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေး မိမိတို့တတ်မြောက်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ထားသည့်စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာအသုံးချနိုင်အောင်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဆိုသည့် ဆောင်ပုဒ်အတိုင်း တိတိကျကျလေ့ကျင့်နေကြရန်လိုကြောင်း။

တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန်လိုအပ်ပြီး စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်ယူထားသောစစ်ပညာများကို ကြံ့ရည်ဖန်ရည်ဖြင့် အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ စစ်မြေပြင်တွင် တစ်ဦးချင်း၏တိုက်ပွဲစွမ်းရည်ကို ဟန်ချက်ညီပေါင်းစပ်၍ အဖွဲ့အစည်း၏တိုက်ပွဲစွမ်းရည်ကို မြှင့်တင်နိုင်ရန်လိုအပ်ကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်းနှင့် ပြည်သူမှယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ ကျိုင်းတုံတပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ မိုင်းခတ်နှင့် မိုင်းယန်းတပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

မည်သည့်နေရာသို့ရောက်သည်ဖြစ်စေ၊ မည်သည့်ကိစ္စကို လုပ်ဆောင်သည်ဖြစ်စေ အခြေခံအချက်များနှင့်ပြည့်စုံပြီး ပုံစံတကျ ရှိနေရန်လိုကြောင်း၊ ယူနီဖောင်းဝတ်ဆင်မှုနှင့်သွားလာလှုပ်ရှားမှုတို့တွင် ပုံစံတကျဖြစ်နေရန်လိုပြီး ၎င်းအချက်သည် စစ်ရေးစွမ်းရည်အပိုင်းတွင် များစွာအထောက်အကူပြုကြောင်း၊ စည်းကမ်းဆိုရာတွင် သတ်မှတ်ထားသော ဆံပင်ပုံစံ၊ ဝတ်စားဆင်ယင်မှုမှစ၍ အခြေခံကျကျ အလေးထားလိုက်နာရန်လိုကြောင်း၊ ထို့အပြင် အထက်အောက်လေးစားမှု၊ အမိန့်နာခံမှု၊ သစ္စာရှိမှုကို ဖော်ညွှန်းသည့် အလေးပြုခြင်းစနစ်ကိုလည်း သတ်မှတ်ပုံစံတကျ ဆောင်ရွက်သွားရန်လိုကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့်စည်းရုံးရေးစွမ်းရည်ပါမကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်မှုအားနည်းလျှင် စည်းလုံးညီညွတ်မှုကိုအားနည်းစေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန် စည်းကမ်းကောင်းမွန်မှုသည် အရေးကြီးကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ စစ်ဆင်ရေး၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးဆိုင်ရာများ အောင်မြင်ရန် အုပ်ချုပ်ရေးသည် အဓိကကျကြောင်း၊ တပ်မတော်ရုံးလုပ်ငန်းများကို ဦး၊ ရေး၊ ထောက် ထောက်တိုင် ၃ ရပ်ကောင်းမွန်စွာလည်ပတ်မှုဖြင့် ထိန်းကျောင်းထားကြောင်း၊ စစ်စည်းကမ်းဆိုင်ရာ စည်းမျဉ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာ၍ ဦး၊ ရေး၊ ထောက်လုပ်ငန်းများကို ဟန်ချက်ညီ ထိန်းကျောင်းသွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းကို ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကိုလည်း ထိရောက်စွာလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သည် အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်သော အဖွဲ့အစည်းဖြစ်သည့်အတွက် ခေါင်းဆောင်မှုပိုင်းသည်အလွန်အရေးကြီးကြောင်း၊ တပ်မတော်တွင် အဆင့်ဆင့်




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မိုင်းခတ်နှင့်မိုင်းယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ မိုင်းခတ်နှင့်မိုင်းယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**❖ တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့်တပ်မတော်ဖြစ်ရန်လိုအပ်ပြီး စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ် . . .**

**❖ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လို၊ ပြည်သူမှယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက် . . .**

**❖ တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့်အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့်စည်းရုံးရေးစွမ်းရည်ပါမကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီး . . .**

**❖ တပ်မတော်သားများ၏ သား/သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်၊ KG+9 တက်ရောက်အောင်မြင်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးကြရန်လို . . .**

သတင်းပို့တင်ပြမှုသည် အရေးကြီးသည့်အတွက် မှန်မှန်ကန်ကန်ဖြင့် အတွာ၊ ပရ ညီညွတ်မျှတစွာ သတင်းပို့တင်ပြရန်လိုကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း လက်အောက်ကသတင်းပို့တင်ပြမှုများအပေါ် အရေးတယူ မှန်မှန်ကန်ကန်ဆောင်ရွက်ပေးကြရန်လိုကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင် ဦးဆောင်သူများသည် မှန်ကန်သောဦးဆောင်မှုများလုပ်ဆောင်သွားရန်လိုပြီး မှန်ကန်သောဦးဆောင်မှုဆိုသည်မှာ ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့် ကိုက်ညီလုပ်ဆောင်ရန်လိုကြောင်း၊ တပ်မတော်သားများအနေဖြင့် စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန်လိုကြောင်း၊ အသောက်အစားအပျော်အပါးများကြောင့် မိမိတို့တစ်ဦးချင်းစွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊

စာမျက်နှာ ၁၅ သို့ ⊃

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families from Kengtung, Mongkhat and Mongyang stations at separate meetings






Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families from Mongkhat and Mongyang stations.

NAY PYI TAW April 23

Commander-in-Chief of Defence Services General Ye Win Oo met officers, other ranks and families from Kengtung Station at the Pyinyeinaye Hall of Triangle Region Command HQ yesterday afternoon and those from Mongkhat and Mongyang-stations at Mongkhat Station this afternoon.

Also present were Daw Nilar, wife of the Commander-in-Chief of Defence Services, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) Lt-Gen Tun Win and wife, senior military officers from the Office of the Commander-in-Chief and wives, and the Triangle Region Command commander.

In his speech, General Ye Win Oo pointed out the importance of observing the discipline, obeying the orders and adopting a systematic lifestyle for Tatmadaw

See Page - 19 ●●



General Ye Win Oo meets officers, other ranks and families from Kengtung Station.





General Ye Win Oo inspects a duck farm.

●● From Page - 18

members. He said commanding officers should follow a disciplined living style and should supervise and administer their subordinates in accord with discipline. Only then will the noble soldiers who win trust and respect of the people come out.

All the soldiers have the duty to maintain the honourable history of Tatmadaw. In order to shoulder the national defence, which is the main duty of Tatmadaw, it must have full combat capability and combat power. Soldiers must undergo training with precision and discipline in accord with the motto "Study, Practise, Comply".

The Tatmadaw must be imbued three capabilities that call for vigorious training to be healthy and fit, skillful, and courageous. Soldiers should use their military knowledge with the ability to apply them in the best way. They must improve the group-wise combat power by harmoniously combining their individual fighting capability. They must never lose sight of the changing military science and weapons to practically apply them in a battle, and through continuous training, they must become proficient forces on which the public can rely.

In any place and in any job, they must be systematic and have a perfect foundation. They must follow a systematic code of dressing and living style, as this factor is very supportive of the military capability. They must pay attention to the rules that cover from hairstyle to dress code. The saluting system must also be carried out according to the prescribed format to portray mutual respect between superiors and subordinates, obedience and loyalty.

The administrative capability plays a vital role in the Tatmadaw and the three military capabilities as bad administration will weaken military capability and organizing capability. Weak administration will be followed by a weakness in unity. Good discipline is of vital importance for ensuring an excellent administration.

Regarding administration, he stated that it is a key factor for the success of operations, security, and training. He noted that Tatmadaw's office functions are maintained by the smooth operation of the three pillars: General Staff, Adjutant and Quartermaster. He emphasized the need to balance the tasks of these three branches while following military discipline, rules, orders, and instructions. He added that by handling administrative matters proficiently, the welfare of officers, other ranks, and their families can be effectively managed.

He also stated that since Tatmadaw is an organization governed by a tiered command structure, leadership is extremely important. He noted that the chain of reporting is vital within Tatmadaw, emphasizing the need to report accurately while balancing self-interest and the interests of others. He added that responsible officials at every level must take reports from their subordinates seriously and act upon them correctly.

Then, he stated that for internal unity within the units, leaders must provide correct leadership, which means acting in alignment with leadership characteristics. He noted that military personnel must live and conduct themselves in accordance with military discipline and avoid behaviors or actions that could harm individuals or the organization. He added that they must live with self-restraint to ensure that drinking and indulgence do not negatively affect their individual performance, their families, or the organization.

Later, he stated that Tatmadaw is constantly fulfilling the needs of military personnel and their families regarding accommodation, food, attire, healthcare, and other general requirements as much as possible, while providing appropriate rewards and necessary welfare matters. Furthermore, he urged them to successfully carry out unit-run and small-scale family agriculture and livestock breeding, noting that doing so will support the family's livelihood and improve their well-being. Therefore, he emphasized that responsible officials must systematically implement welfare matters for personnel and their families, adding that if administration and welfare are strong, morale will naturally follow suit.

Officers and other ranks must manage their income and expenses in a balanced and disciplined manner, while responsible officials should ensure that appropriate benefits are provided. In addition to practicing financial prudence and maintaining a balance between income and expenditure, officers, other ranks, and their families are required to adhere to established rules and regulations, avoiding unnecessary spending on activities such as entertainment and gambling.

The Tatmadaw is not only providing educational services for the children of military personnel but is also working to enhance the education of its personnel. As continuous support is being extended to improve education, relevant officials and parents must place greater emphasis on advancing the learning of both soldiers and their children, working collectively to ensure that all children of military personnel complete at least KG+9. Those who complete KG+9 should be given opportunities to pursue further studies at industrial training institutes, agricultural institutes, and livestock institutes, with responsible officials facilitating access to these pathways.

Military personnel are those who uphold the four oaths of allegiance, demonstrating loyalty to the State and the people. They are trained to carry out assigned duties and follow orders at all times, striving to ensure the military remains a reliable and trusted institution for the public. The Commander-in-Chief of Defence Services inquired into the needs of officers, other ranks, and their families, and coordinated with relevant authorities to address and fulfill those requirements.

The Commander-in-Chief of Defence Services then presented food supplies and gratuities for officers, other ranks, and their families at the military stations, with the command commander and station commander receiving them on their behalf. The wife of the Commander-in-Chief of Defence Services also presented gratuities to the maternal and child welfare associations at the military station, which were accepted by the wives of the command commander and the station commander, respectively.

After the meeting, the Commander-in-Chief of Defence Services, together with his wife and accompanying members, cordially greeted the families of the attending officers and other ranks.

In addition, the Commander-in-Chief of Defence Services and party inspected dairy cattle, beef cattle, DYL pigs, fish, layer and broiler chickens, Khaki Campbell ducks, and local poultry, as well as ongoing agricultural and livestock activities in the farming and livestock zone of the Triangle Region Command yesterday evening. They also provided necessary guidance based on reports submitted by the responsible officials. **100**

# Farmers plant more than 1,000 acres of bell pepper in Sagaing District

SAGAING April 23

According to Sagaing District Agriculture Department, local farmers have planted more than 1,000 acres of bell pepper as cold season in Sagaing District of Sagaing Region.

During the 2025–2026 winter cropping season, Sagaing District planned to cultivate 2,373 acres of bell pepper. Cultivation began in October last year, and as of today, 656 acres have been planted in Sagaing Township, 340 acres in Myinmu Township, and 645 acres in Myaung Township, totalling 1,641 acres.

For this season, the township-level cultivation plans for bell pepper in Sagaing District are: 1,152 acres in Sagaing Township, 450 acres in Myinmu Township, and 771 acres in Myaung Township, totalling 2,373 acres.

Staff from the district and Township Agriculture Departments are providing farmers with technical guidance on good cultivation practices to improve yields and marketability, pest prevention and control methods, and soil nutrient management.

The production cost for bell pepper from the start of planting until harvesting is about Ks-1.5 million per acre for farmers using their own land, and around Ks-2.5 million per acre for those renting land. Bell pepper can be harvested once every 15 days, and harvesting can continue for up to six months. Early harvests yield about 100 viss per acre, and in the following weeks yields range between 400 viss and 500 viss per acre.

**SK**

# Kitchen crops planted on targeted acres in Wakema Township

WAKEMA April 23

All sown acreage of kitchen crops was cultivated in Wakema Township of Ayeyawady Region this year, according to the Myaungmya District Agriculture Department.

During this year's winter crop cultivation season in Wakema Township, Ayeyawady Region, planting of kitchen crops on the earmarked 3,021 acres began in the first week of October 2025 and has now been completed at 100 percent. It is also learned that, to ensure full cultivation of all winter crops including the designated 3,021 acres of kitchen crops, the Department of Agriculture, the Department of Agricultural Mechanization, related departments, and local farmers worked together in a systematic and coordinated manner.

"In order to achieve 100 percent cultivation of winter crops, we cooperated with farmers as well as the Department of Agriculture and related departments. During this year's winter cropping season, Wakema Township cultivated the designated 3,021 acres of kitchen crops. To ensure successful crop establishment and to prevent pest infestations, the Department of Agriculture carried out advance farmer awareness and extension activities. Farmers are mainly cultivating kitchen crops that are suitable for local conditions. In addition, to ensure that crops produce expected yields and that seeds are used correctly, farmer education activities have been conducted since before planting began," said Daw Khin Htay Myint, Head of the Myaungmya District Department of Agriculture.

During this year's winter cropping season in Wakema Township, local farmers and the Department of Agriculture are working together to ensure full cultivation of the 3,021 acres of kitchen crops.

**SMK**

# Moscow contributing to stabilizing prices on energy markets amid Hormuz blockade - Kremlin

MOSCOW April 23

Moscow is contributing to stabilizing prices on energy markets and minimizing the consequences of the crisis amid the blockade of the Strait of Hormuz, Kremlin spokesman Dmitry Peskov said on Thursday.

"At the moment, you know, we are contributing to this price stabilization and minimizing the consequences of the crisis for the global energy sector," Peskov told reporters, when asked if Moscow plans to offer additional solutions to OPEC+ partners amid the resumption of the blockade of the Strait of Hormuz, adding that there are no other initiatives on the agenda right now.

Russia continues to supply oil amid the energy crisis, the official said, adding that demand for oil is growing, and its quantity on the world market is decreasing.

A decision on the participation of Russian President Vladimir Putin in the G20 summit in the United States has not yet been made, and the format of Moscow's participation will be determined closer to the forum, Peskov said.

"So far, no such decisions have been made [about Putin's participation in the G20 summit in the United States], but Russia participated in each summit at the appropriate level. A decision will be made on the format of our participation closer to the time of the summit," Peskov told reporters, adding that Russia continues to work through the G20 format.

**Sputnik**

# Trump says ordered US Navy to triple mine clearing activity in Strait of Hormuz

WASHINGTON April 23

US President Donald Trump said on Thursday he is ordering the United States Navy to triple mine clearing activity in the Strait of Hormuz.

The US president said that he ordered the Navy to shoot any Iranian boat allegedly putting mines in the strait.

"Additionally, our mine 'sweepers' are clearing the Strait right now. I am hereby ordering that activity to continue, but at a tripled up level!" Trump said on Truth Social.

There is to be "no hesitation" for U.S. forces to attack Iran's "small boats" putting mines, and the U.S. minesweepers are clearing the Strait of Hormuz



right now, Trump said on his Truth Social.

Trump added that U.S. minesweepers are currently clearing the strait, and ordered the operation to continue "at a tripled level."

U.S. defence officials briefed lawmakers this week on an intelligence assessment that it could take up to six months to fully clear the Strait of Hormuz of mines deployed by the Iranian military, The Washington Post reported Wednesday.

**Sputnik, Xinhua**

# Four Palestinians killed in Israeli fire in Gaza Strip, West Bank

GAZA April 23

Four Palestinians were killed on Thursday by Israeli fire in the central Gaza Strip and the West Bank, Palestinian sources said.

Palestinian security sources told Xinhua that an Israeli drone fired at least one missile at a vehicle on Salah al-Din Street at the entrance to Maghazi, causing casualties.

Medical sources at Al-Aqsa Hospital in Deir al-Balah confirmed that three bodies were brought to the facility following the strike.

The Israeli military has not yet commented on the incident.

Meanwhile, Gaza-based health authorities said in a statement that hospitals across the enclave received six bodies and 18 wounded over the past 24 hours.

In the northern West Bank, medical sources said 15-year-old Youssef Ishtayeh was shot dead by Israeli forces near the town of Beit Wazan, west of Nablus.

Tensions have been rising across the West Bank since the outbreak of the Israel-Hamas war on October 7, 2023.

According to Palestinian statistics, more than 1,100 Palestinians have been killed by Israeli fire in the West Bank and East Jerusalem since then.

**Xinhua**

# 18 injured, 5 in critical condition after train collision in Denmark

OSLO April 23

A total of 18 people were injured, including five in critical condition, after two local trains collided head-on in Denmark on Thursday morning.

The number of people believed to have been on board the two trains was revised to 37 from an earlier estimate of 38, according to updated information from Danish broadcaster DR.

Acting Danish Prime Minister Mette Frederiksen said in a written response to Danish media TV 2 that her thoughts were with the injured, their families and all those affected.

Police said road closures remained in place around the accident site, with some restrictions expected to last until late Friday morning. Train services on the route were still suspended, and it remained unclear when operations would resume.


The collision occurred on the Gribskov Line between Hillerod and Kagerup, about 50 km north of Copenhagen. Police said they received the report at 6:29 a.m. local time (0429 GMT) and dispatched emergency response teams to the scene.

Morten Pedersen, police inspector with North Zealand Police, described the crash as a "very serious accident." He said authorities were carrying out extensive investigations to determine the cause of the collision.

Police said later on Thursday that a crisis center and hotline set up in Hillerod for those affected had been closed after everyone had left, though relatives and passengers could still contact police for further information.

**Xinhua**

# Iran gets first toll revenue from Strait of Hormuz



TEHRAN April 23

Iran has received its first revenue from tolls imposed on the Strait of Hormuz, Iran's semi-official Tasnim news agency reported Thursday, citing a senior Iranian lawmaker.

A member of the parliament's presiding board told the agency that he had learned from reliable sources that Iran has imposed fees on passing ships.

The charges vary by ship type, cargo volume, and associated risks, he said, adding that Iran sets the rules for assessing and collecting these fees.

According to him, revenues previously collected from these charges are currently being transferred into the unified treasury account.

In a separate report, Hamidreza Haji-Babaei, a deputy speaker of the parliament, said the first revenue received from the Strait of Hormuz tolls was deposited into the Central Bank account.

Iran tightened its grip on the Strait of Hormuz after Israel and the United States launched their joint strikes on Iran on February 28. The United States also imposed a naval blockade targeting ships going to and from Iran, after peace negotiations in Islamabad collapsed. **Xinhua**

# Commander-in-Chief of Defence Services General Ye Win Oo, wife Daw Nilar visit officers, other ranks, families receiving treatment at local defence services hospital in Kengtung

NAY PYI TAW April 23

Commander-in-Chief of Defence Services General Ye Win Oo, accompanied by his wife Daw Nilar, senior military officers from the Office of the Commander-in-Chief and their wives visited officers, other ranks, families and members of the Myanmar Police Force and local people's militias receiving treatment at the local defence services hospital in Kengtung township yesterday evening.

First, the Commander-in-Chief of Defence Services and party arrived at the local defence services hospital and were greeted by the commandant and responsible officers.

Then, the Commander-in-Chief of Defence Services and party observed officers, other ranks, families and members of the MPF and local people's militias one by one and asked about their health conditions, treatments and improvements cordially before giving foodstuffs and cash rewards for them.

Similarly, the wife of the Commander-in-Chief of Defence Services and party went to maternal and child healthcare wards and spoke words of encouragement to patients before providing assistance and donations for the hospital.

Then, the Commander-in-Chief of Defence Services and party inspected the hospital and gave necessary instructions.

**100**



General Ye Win Oo asks after the health of a patient.



General Ye Win Oo gives words of encouragement to a patient.

# Many bags of Bocade bean sent by Kyonpyaw Township to Yangon market

KYONPYAW APRIL 23

"Local businesspersons from Kyonpyaw Township of Ayeyawady Region supplied a large number of Bocade bean bags to Yangon market," said Daw Tin Nwe, the owner of pulses and bean wholesale depot in Kyonpyaw Township.

Up to 60,000 bags of Bocade bean (each 16 pyi per bag) were exported and sold from Kyonpyaw Township to the Yangon market within the month.

The locally produced Bocade beans are purchased by agricultural commodity traders in Kyonpyaw Township and then transported for sale to the Yangon market.

"We have been able to send a large number of high-quality Bocade bean bags (16 pyi per bag) from Kyonpyaw Township to the Yangon market. Other types of beans are also being exported and sold. Exports have increased because demand from the Yangon market has grown stronger. Most of the locally produced beans and paddy are sold and transported to Yangon through local commodity depot operators and traders. As there is regular work, workers are also doing well," said Daw Tin Nwe.

The price of Bocade beans exported from Kyonpyaw Township to the Yangon market has reached up to Ks-126,000 per 16-pyi bag. Due to the good price and strong demand, farmers, traders, loading and unloading workers, and truck drivers are all benefiting.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မျက်မှောက်ကာလ အရှေ့အလယ်ပိုင်းရေးရာ

## အမေရိကန်၏ ဟော်မုရေလက်ကြားပိတ်ဆို့မှု၊ အီရန်၏အကျိုးစီးပွားနှင့် အမေရိကန်စီးပွားရေးအပေါ် ကျရောက်လာသည့် သက်ရောက်မှု

နိုင်အောင်စုစည်းသည်။



အီရန်နှင့်ဖြစ်ပွားသည့်စစ်ပွဲသည်လက်ရှိတွင် သောင်မတင်၊ ရေမကျအခြေအနေသို့ ရောက်ရှိနေပြီး မပြီးဆုံးနိုင်သေးသည့် လက်နက်ကိုင်ပဋိပက္ခများသည် အမေရိကန်၏ ပြည်တွင်းစီးပွားရေးအခြေအနေအပေါ် သက်ရောက်လာမှုကြောင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အပေါ် ပြည်သူလူထု၏ထောက်ခံမှုမှာလည်း သိသိသာသာ ကျဆင်းလာခဲ့သည်ကို တွေ့ရသည်။

အီရန်စစ်ပွဲကြောင့် ဖြစ်ပေါ်လာသည့် စွမ်းအင်ပြတ်လပ်မှုများက ကုန်ဈေးနှုန်းများကို ဆက်လက်မြင့်တက်စေခဲ့ခြင်းကြောင့် ယခုသီတင်းပတ်အစောပိုင်းက ထုတ်ပြန်ခဲ့သည့် AP-NORC လူထုသဘောထားစစ်တမ်းအရ ထရမ့်၏ စီးပွားရေးဆိုင်ရာထောက်ခံမှုနှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိ စံချိန်တင်ကျဆင်းလာခဲ့သည်။

လက်ရှိတွင် အီရန်နှင့် အမေရိကန်တို့အကြား အဓိကသဘောထားကွဲလွဲနေသည့်အချက်မှာ အမေရိကန်က ဟော်မုရေလက်ကြားကို ဆက်လက်ထိန်းချုပ်ထားခြင်းဖြစ်သည်။ ထို့ပြင်ထရမ့်သည်အီရန်နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို တစ်ဖက်သတ်သက်တမ်းတိုးထားသော်လည်း အမေရိကန်၏အဆိုပါလုပ်ဆောင်ချက်ကို အီရန်ကလက်ခံထားခြင်းမရှိပေ။

အမေရိကန်အနေဖြင့် ၎င်းတို့လက်ရှိထိန်းချုပ်ထားသည့် ရေလက်ကြားပိတ်ဆို့မှုကို ပြန်လည်ဖွင့်လှစ်ပေးလိုက်ပါက အီရန်နှင့် သဘောတူညီချက်ရယူနိုင်ရန် မဖြစ်နိုင်ဟု ထရမ့်ကယုံကြည်လျက်ရှိသည်။

အီရန်အနေဖြင့်ဟော်မုရေလက်ကြားကို ပိတ်ထားရန် လိုလားခြင်းမရှိကြောင်း၊ ၎င်းတို့အနေဖြင့် တစ်ရက်လျှင် ဒေါ်လာသန်း ၅၀၀ ခန့် ဝင်ငွေရရှိနိုင်စေရန်အတွက် အဆိုပါရေလက်ကြားကို ဖွင့်ထားရန်ဆန္ဒရှိနေကြောင်း၊ ရေလက်ကြားအားပိတ်ထားမည်ဟုပြောဆိုခြင်းသည် အမေရိကန်က အဆိုပါ ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်းအား လက်ရှိတွင် အလုံးစုံပိတ်ဆို့ထားခြင်းကြောင့် ၎င်းတို့အတွက် သိက္ခာဆယ်နိုင်စေရန်အတွက် ပြောကြားနေခြင်းသာဖြစ်ကြောင်း ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

သို့သော် ဟော်မုရေလက်ကြားကို ဖွင့်လှစ်ထားခြင်းအားဖြင့် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ရရှိနိုင်သောကြောင့် ရေလက်ကြားအား ဖွင့်လှစ်ထားရန် အီရန်နိုင်ငံက လိုလားနေကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယူဆလျက်ရှိသည်။

တစ်ချိန်တည်းမှာပင် ဟော်မုရေလက်ကြားတွင် အမေရိကန်တို့၏ရေတပ်ပိတ်ဆို့မှုဆက်လက်ရှိနေသရွေ့ အဆိုပါရေလက်ကြားကိုပြန်လည်ဖွင့်ပေးမည်မဟုတ်ဟု အီရန်က အခိုင်အမာပြောကြားပြီး ရေလက်ကြားအား ဧပြီ ၂၃ ရက်အထိ ဆက်လက်ပိတ်ထားဆဲဖြစ်သည်။

အီရန်နှင့် အမေရိကန်တို့အကြား အပစ်အခတ်ရပ်စဲရေးကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ထပ်မံသက်တမ်းတိုးထားသော်လည်း လက်ရှိတွင် ရေလက်ကြားကို ဖြတ်သန်းရန်ကြိုးပမ်းသည့် သင်္ဘောနှစ်စင်းကို ဖမ်းဆီးလိုက်ကြောင်း အီရန်က ကြေညာထားသည်။ ထို့အတူ အီရန်အစိုးရအနေဖြင့် မိမိနိုင်ငံ၏အကျိုးစီးပွားကို ကာကွယ်သွားမည်ဟု ပြောကြားထားသည်။

သို့သော် အီရန်က ဖမ်းဆီးလိုက်သည့် သင်္ဘောများသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ခဲ့ခြင်းမရှိဟု အိမ်ဖြူတော်က တုံ့ပြန်ထားသည်။ အိမ်ဖြူတော်ကထိုသို့ထုတ်ပြန်ခဲ့သော်လည်း အီရန်အနေဖြင့် ထရမ့်က တစ်ဖက်သတ်ချမှတ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်ခံထားခြင်းမရှိသောကြောင့် ရေလက်ကြားကို ဖြတ်သန်းရန်ကြိုးပမ်းသည့်သင်္ဘောများအား ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် လက်ရှိတွင် ဟော်မုရေလက်ကြားပိတ်ဆို့မှုနှင့် အီရန်နှင့် အမေရိကန်ကိုယ်စားလှယ်များအကြား ပါကစ္စတန်နိုင်ငံတွင် တွေ့ဆုံဆွေးနွေးမည့်အစီအစဉ်သည် အမေရိကန်အတွက် အလွန်အရေးပါသည့်ကိစ္စရပ်များဖြစ်လာသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့သည် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ အီရန်အပေါ် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး သီတင်းပတ်လေးပတ်မှ ငါးပတ်အတွင်း အီရန်စစ်ပွဲအား အဆုံးသတ်မည်ဟု ထရမ့်က အစောပိုင်း၌ ပြောကြားခဲ့သော်လည်း ၎င်း၏ အဆိုပါပြောကြားချက်ကို အမေရိကန်ပြည်သူများက သံသယရှိစပြုလာပြီဖြစ်သည်။

အခြားတစ်ဖက်တွင်မူ အီရန်အနေဖြင့် အမေရိကန်နှင့်အစ္စရေးတို့အား လုံးဝအညံ့ခံမည်မဟုတ်ဘဲ အပြီးသတ်အောင်ပွဲရသည်အထိ ဆက်လက်တိုက်ခိုက်ရန် ဆုံးဖြတ်ထားသည်။ အလားတူပင် ထရမ့်ဦးဆောင်သည့် အမေရိကန်အစိုးရအနေဖြင့်လည်း အီရန်နှင့် အပစ်အခတ်ရပ်စဲရေးမှသည် ငြိမ်းချမ်းရေးသဘောတူညီချက်ချမှတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု ဆိုနိုင်သော်လည်း အီရန်နိုင်ငံမှ ထရမ့်အစိုးရက မျှော်လင့်နေသည့်အရာမှာ လုံးဝလက်နက်ချအရှုံးပေးခြင်းသာဖြစ်သောကြောင့် ယင်းအချက်သည် အီရန်နှင့် အမေရိကန်တို့အကြားလုံးဝညှိနှိုင်း၍မရနိုင်သည့်အရာအဖြစ် ဆက်လက်တည်ရှိနေသည်။

တစ်ချိန်တည်းမှာပင် လွယ်လွယ်နှင့် အဆုံးသတ်နိုင်မည်ဟု ယူဆခဲ့သည့် အီရန်စစ်ပွဲမှာ လက်ရှိအချိန်အထိ အဆုံးမသတ်နိုင်သေးဘဲ အမေရိကန်၏ စီးပွားရေးအပေါ် သက်ရောက်လာမှုကိုလည်း ထရမ့်အနေဖြင့် ထည့်သွင်းစဉ်းစားရန် လိုအပ်လာပြီဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

Ref: Ta, RT, ST

# ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လောင်စာတင်သွင်းမှုအတွက် ယခင်ကထက် ငွေကြေးပိုမိုအသုံးပြုရလျက်ရှိ







**အမေရိကန်၊ စစ်ရေး**

အရှေ့အလယ်ပိုင်း ပဋိပက္ခများအရှိန်မြင့်တက်လာခြင်းကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ရုပ်ကြွင်းလောင်စာတင်သွင်းမှုအတွက် ယခင်ကထက် ငွေကြေးပိုမိုအသုံးပြုရလျက်ရှိကြောင်း ဥရောပစွမ်းအင်ဆိုင်ရာကော်မရှင်နာမင်းကြီး ဒန်ဂျော်ဂျင်ဆင်ကပြောကြားလိုက်သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အရှေ့အလယ်ပိုင်းတွင် အီရန်စစ်ပွဲစတင်ချိန်မှစ၍ ရုပ်ကြွင်းလောင်စာတင်သွင်းရန်အတွက် ယူရို ၂၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ) ကျော်အထိ ပိုမိုအသုံးပြုခဲ့ရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထို့ပြင် ဆက်လက်ဖြစ်ပွားနေသည့် အီရန်စစ်ပွဲကြောင့် ဥရောပသမဂ္ဂအဖွဲ့သည် စွမ်းအင်အကျပ်အတည်းနှင့် ပိုမိုရင်ဆိုင်လာခဲ့ရပြီး မရေရာမှုများနှင့် ရင်ဆိုင်နေရကြောင်း ဂျော်ဂျင်ဆင်က ပြောကြားထားသည်။

အမေရိကန်၊ အစ္စရေးနှင့် အီရန်နိုင်ငံတို့အကြား ဖြစ်ပွားနေသည့်စစ်ပွဲသည် ကမ္ဘာ့စွမ်းအင်ဈေးကွက်အပေါ် ဖိအားများမြင့်တက်လာစေပြီး ရေနံဈေးနှုန်းများကို မြင့်တက်စေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများအတွက်လောင်စာဆီအတွက်ကုန်ကျစရိတ်ပိုမိုများပြားလာစေခဲ့သည်။

ထို့ပြင် လက်နက်ကိုင်ပဋိပက္ခကြောင့် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ရည်စီးဆင်းမှု၏ ၂၀ ရာခိုင်နှုန်းခန့်ရှိသော ဟော်မုရေလက်ကြားမှတစ်ဆင့် ကုန်သွယ်မှုစီးဆင်းမှုများကိုလည်း နှောင့်နှေးစေခဲ့ကြောင်းသိရသည်။

Ref: RT

# ဥရောပသမဂ္ဂအဖွဲ့က ယူကရိန်းသို့ ချေးငွေ ယူရို ၉၀ ဘီလီယံပေးရန် သဘောတူ




**ဘာရပ်ဆဲ၊ စီးပွားရေး**

ဥရောပသမဂ္ဂအဖွဲ့သည် ယူကရိန်းနိုင်ငံသို့ ယူရို ၉၀ ဘီလီယံ (ဒေါ်လာ ၁၀၆ ဘီလီယံ) တန်ဖိုးရှိ ချေးငွေများပေးအပ်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယို ကော့စတာက ဧပြီ ၂၃ ရက်တွင်ပြောသည်။

ဥရောပသမဂ္ဂအဖွဲ့သည် အဆိုပါချေးငွေများကို ယူကရိန်းသို့ပေးအပ်နိုင်ရန်အတွက် ဟန်ဂေရီနိုင်ငံနှင့် လပေါင်းများစွာ အငြင်းအခုံဖြစ်ပွားပြီးနောက် ဧပြီ ၂၂ ရက်တွင် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ဟန်ဂေရီနိုင်ငံတွင် ၁၆ နှစ်ကြာ အုပ်ချုပ်ခဲ့သော ဝန်ကြီးချုပ် ဗစ်တာ အော်ဘန်သည် ၂၀၂၆ ခုနှစ် ဧပြီ ၁၂ ရက် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ဝန်ကြီးချုပ်အသစ်အဖြစ် တာဝန်ယူမည့် ပီတာမေဂျာကတောင်းဆိုထားသည့်အတိုင်း ဆိုဗီယက်ခေတ်အတွင်းက တည်ဆောက်ခဲ့သော ဒရူဇဘာ ရေနံပိုက်လိုင်းမှတစ်ဆင့် ရေနံပြန်လည်ပေးပို့မှုကို ယူကရိန်းနိုင်ငံဘက်က ပြန်လည်စတင်လိုက်ပြီးနောက်တွင် ယခုကဲ့သို့ ချေးငွေအတွက် ဟန်ဂေရီနိုင်ငံက သဘောတူညီလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ထို့ပြင် ဥရောပသမဂ္ဂအဖွဲ့သည် ဆလိုဗက်ကီးယား၊ ဟန်ဂေရီနိုင်ငံတို့နှင့်အတူ ရုရှားနိုင်ငံအပေါ် အကြိမ် ၂၀ မြောက် ပိတ်ဆို့မှုများ ထပ်မံချမှတ်ရန်စီစဉ်လျက်ရှိသည်။

Ref: RT

# ရှုဘယ် သန်း ၂၀၀ တန်ဖိုးရှိ လိမ်လည်မှုတွင် ပါဝင်သူတစ်ဦးကို အာရပ်စော်ဘွားများ ပြည်ထောင်စုက ရုရှားနိုင်ငံသို့လွှဲပြောင်းပေး



**ဒူဘိုင်း၊ ရာဇဝတ်မှု**

ရုရှားနိုင်ငံတွင်ဖြစ်ပွားခဲ့သော ရှုဘယ် သန်း ၂၀၀ တန်ဖိုးရှိ လိမ်လည်မှုတစ်ခုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူတစ်ဦးကို အာရပ်စော်ဘွားများပြည်ထောင်စုက ရုရှားနိုင်ငံသို့လွှဲပြောင်းပေးလိုက်ကြောင်း ရုရှားပြည်ထဲရေးဝန်ကြီးဌာနက ဧပြီ ၂၃ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါလိမ်လည်မှုတွင် ပါဝင်သူသည် ရုရှားနိုင်ငံသားတစ်ဦးဖြစ်ပြီး ၎င်းအား နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပို)မှ အမျိုးသားလုံခြုံရေးဌာနရှိဝန်ထမ်းများ၏ လိုက်ပါစောင့်ကြပ်မှုနှင့်အတူ အာရပ်စော်ဘွားများပြည်ထောင်စုမှ ပြည်နှင်ဒဏ်ပေး၍ ရုရှားနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးလိုက်ခြင်းဖြစ်ကြောင်း ရုရှားပြည်ထဲရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ အိုင်ရီနာဗော့ခ်က သတင်းထောက်များကို ပြောကြားသည်။

ယခုလွှဲပြောင်းပေးခံရသူသည် ရုရှားနိုင်ငံ ဘက်ရှ်ကော်တိုစတန်ပြည်နယ်တွင် ဖြစ်ပွားသည့် ငွေကြေးအလွန်များပြားသောလိမ်လည်မှုကို ကျူးလွန်ခဲ့သည်ဟူသောစွဲချက်နှင့် တရားစွဲဆိုခံထားရသူဖြစ်ကြောင်း ရုရှားပြည်ထဲရေးဝန်ကြီးဌာနကပြောကြားထားသော်လည်း အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ထားခြင်းမရှိပေ။

Ref: Iv

# ဆိုက်ဘာတိုက်ခိုက်၍ ဒေါ်လာ ၂ ဒသမ ၅ သန်းခိုးယူသွားသည့် ဟက်ကာများကိုဖမ်းဆီးနိုင်ရန် သီရိလင်္ကာစုံစမ်းစစ်ဆေးလျက်ရှိ

**ကိုလံဘို၊ ရာဇဝတ်မှု**



သီရိလင်္ကာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနအား ဆိုက်ဘာတိုက်ခိုက်၍ ဒေါ်လာ ၂ ဒသမ ၅ သန်း ခိုးယူသွားသည့် ဟက်ကာများကိုဖမ်းဆီးနိုင်ရန် အာဏာပိုင်အဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဝန်ကြီးဌာနအကြီးအကဲ ဟာရှန်ဆူယာပေရမ်က၏ ပြောကြားချက်ကိုကိုးကား၍ Bloomberg သတင်းဌာနက ဧပြီ ၂၃ ရက်တွင် ဖော်ပြသည်။

ဆိုက်ဘာတိုက်ခိုက်သူများသည် ဝန်ကြီးဌာန၏ဆက်သွယ်ရေးစနစ်ကို ကြားဖြတ်ဝင်ရောက်ပြီး ငွေကြေးများကိုလမ်းကြောင်းလွှဲ၍ ခိုးယူသွားခြင်းဖြစ်ကြောင်း၊ အဆိုပါဟက်ကာများသည်နိုင်ငံအတွင်းမှသို့မဟုတ် နိုင်ငံပြင်ပမှနေ၍ ဆိုက်ဘာတိုက်ခိုက်ခြင်းဟုတ်၊ မဟုတ်ကို တရားဥပဒေစိုးမိုးရေးအေဂျင်စီများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကိုလံဘိုမြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဟာရှန်ဆူယာပေရမ်ကပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆိုက်ဘာတိုက်ခိုက်သူများ သို့မဟုတ် ဟက်ကာများသည် ဝန်ကြီးဌာန၏ဆက်သွယ်ရေးစနစ်အတွင်းသို့ တရားမဝင်ဝင်ရောက်ခဲ့ပြီး အီးမေးများကို ကြားဖြတ်ရယူခြင်းအားဖြင့် ငွေပေးချေရေး ညွှန်ကြားချက်များရှိ ဘဏ်အချက်အလက်များကို အစားထိုးပြောင်းလဲခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ဟက်ကာများသည် အိန္ဒိယနိုင်ငံသို့ ပေးချေမည့်ငွေပေးချေမှုဆိုင်ရာ အချက်အလက်များကိုအသုံးပြု၍ ခိုးယူမှုတစ်ခုထပ်မံပြုလုပ်ရန် ကြိုးပမ်းစဉ်တွင် အာဏာပိုင်များက ဟက်ကာများ၏ လုပ်ဆောင်ချက်ကို ရိပ်မိသွားခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရချိန်နှင့် အမေရိကန်-အီရန်တို့၏ စစ်ရေးပဋိပက္ခကြောင့်ဖြစ်ပေါ်နေသော စွမ်းအင်အကျပ်အတည်းများကြားတွင် ယခုကဲ့သို့ ငွေကြေးများခိုးယူခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref: Iv

# ယူရီးယားဓာတ်မြေဩဇာကို ဈေးနှုန်းနှစ်ဆပေး၍ တင်သွင်းရန် အိန္ဒိယသဘောတူ




**နယူးဒေလီ၊ ပြည်တွင်းရေး**

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခကြောင့် ထောက်ပံ့မှုကွင်းဆက်များပြတ်တောက်နေစဉ် အိန္ဒိယနိုင်ငံအနေဖြင့် ယူရီးယားဓာတ်မြေဩဇာကို ယခုနှစ်အစောပိုင်းက ပေးချေခဲ့သည့် ဈေးနှုန်းထက် နှစ်ဆပေး၍တင်သွင်းရန် သဘောတူညီခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် နိုက်ထရိုဂျင်ဓာတ်မြေဩဇာ တန်ချိန် ၂ ဒသမ ၅ သန်းကို တင်ဒါတစ်ရပ်တည်းဖြင့် စံချိန်တင်တင်သွင်းတော့မည်ဖြစ်ကြောင်း အစိုးရသတင်းရင်းမြစ်များကိုကိုးကား၍ ရိုက်တာသတင်းဌာနက ဧပြီ ၂၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင်သတင်းထုတ်ပြန်ချက်အရ အိန္ဒိယနိုင်ငံရှိကုမ္ပဏီတစ်ခုဖြစ်သည့် Indian Potash Ltd. သည် နိုင်ငံအနောက်ဘက်ကမ်းခြေသို့ ပို့ဆောင်ရန်အတွက် ယူရီးယားတန်ချိန် ၁ ဒသမ ၅ သန်းကို တစ်တန်လျှင် ၉၃၅ ဒေါ်လာနှုန်းဖြင့်လည်းကောင်း၊ အရှေ့ဘက်ကမ်းခြေသို့ ပို့ဆောင်ရန်အတွက် နောက်ထပ် တန်ချိန် ၁ သန်းကို တစ်တန်လျှင် ၉၅၉ ဒေါ်လာနှုန်းဖြင့်လည်းကောင်း ဝယ်ယူရန် သဘောတူညီခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ယူရီးယားဓာတ်မြေဩဇာ အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ပြီး ၎င်း၏ ယူရီးယားထုတ်လုပ်မှုမှာ အဓိကအားဖြင့် အရှေ့အလယ်ပိုင်းမှ တင်သွင်းရသော သဘာဝဓာတ်ငွေ့ပေါ်တွင် များစွာမှီခိုနေရသည်။ ယခုကဲ့သို့ ဈေးနှုန်းနှစ်ဆပေး၍ ဝယ်ယူမှုသည် ယူရီးယားထုတ်လုပ်ရန်အတွက် အဓိကကုန်ကြမ်းဖြစ်သော သဘာဝဓာတ်ငွေ့ရည်ပြတ်လပ်နေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref: RT

# ဒိန်းမတ်တွင် မီးရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ လူ ၁၈ ဦး ဒဏ်ရာရ

**ကိုပင်ဟေဂင်၊ မတော်တဆမှု**

ဒိန်းမတ်နိုင်ငံတွင် ဧပြီ ၂၃ ရက် နံနက်ပိုင်းက မီးရထားနှစ်စင်းခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ လူ ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မတော်တဆမှုသည် ကိုပင်ဟေဂင်မြို့ မြောက်ဘက် ၅၀ ကီလိုမီတာခန့်အကွာရှိ ဟေးလားရော့နှင့်ကေးဂါးရပ်ဒေသအကြား ဂရစ်စကော့ ရထားလမ်းပိုင်းတွင် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၂၉ မိနစ်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များကို အခင်းဖြစ်ပွားရာသို့ စေလွှတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားထားသည်။

အဆိုပါ မီးရထားနှစ်စင်းပေါ်တွင် လိုက်ပါလာသူအရေအတွက်မှာ ၃၇ ဦးရှိကြောင်း ဒိန်းမတ်အသံလွှင့်ဌာန၏ နောက်ဆုံးရသတင်းများအရသိရသည်။ ဒဏ်ရာရရှိသူများအနက် ငါးဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိနေကြောင်း သိရသည်။

Ref: Xinhua

# မြိတ်မြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော် ဧပြီ ၂၃

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ပြင်းငယ်ပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါစာသင်တိုက်ရှိ သံဃာတော် ၄၀ ပါးနှင့် ဒေသခံပြည်သူ ၁၅ ဦးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့်ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများအား မြိတ်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စာသင်တိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ သဝန်တောစံပြကျေးရွာရှိ ပြည်လုံးချမ်းသာကိုးနဝင်းစေတီတော်ဓမ္မာရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၄၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရပ်စောက်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားတွေ့ဆုံ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် ဇထူးတပ်နယ်၊ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို) ဌာနချုပ် တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)ဌာနချုပ် တွဲဖက်အတွင်းရေးမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ လုပ်ဆောင်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာ တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအားတွေ့ဆုံ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၂၃

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်မြေခံ တပ်မတော်ဆေးရုံမှဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်ဆောင်သွယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်များနှင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း

**နေပြည်တော် ဧပြီ ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်ကြားရေးနှင့် ကုသရေးမှ တာဝန်ရှိသူများအား ယနေ့တွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ ရက် ၁၀၀ အတွင်းဆောင်ရွက်မည့်ကျန်းမာရေးလုပ်ငန်းများ၊ ဘွဲ့လွန်ဆေးပညာသင်ကြားရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်တွင် နိုင်ငံတော်၏ အနာဂတ်ကာလတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို အဓိကဦးစားပေးအနေဖြင့် အခြေခံမှစ၍ တိုးမြှင့်ဆောင်ရွက်သွားမည်ဟု လမ်းညွှန်မှာကြားကြောင်း၊ ရက် ၁၀၀ စီမံချက်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ရှိ နှလုံးဆေးကုဌာနများတွင် တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ နှလုံးရောဂါအန္တရာယ်အကဲဖြတ်စနစ်နှင့် ဆေးကုသမှုများအား လူဦးရေ ၁၀၀၀၀၀ အတွက် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံခြုံတည်ငြိမ်အေးချမ်းမှုရှိသော ကျေးရွာတိုင်း၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ရက် ၁၀၀ စီမံချက်တွင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၌ သူနာပြုသင်တန်းကျောင်း ၁၅ ကျောင်းကို သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံကြီးများတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့(၁/၂၀၂၆) အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ပညာသင်နှစ်၌ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင်ဖွင့်လှစ်မည့်ဘွဲ့လွန်ဆေးပညာသင်တန်းများအလိုက် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ၊ တက္ကသိုလ်အလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်မည့်လျာထားဦးရေနှင့်လူတွေ့နှုတ်ဖြေအမှတ်ပေး "မူ"သတ်မှတ်ခြင်းကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးသွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးမှ ထွက်ပေါ်လာသော သဘောတူဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းတင်ပြဆွေးနွေးပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(သင်ကြားရေး)က ၂၀၂၇ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များ၊ ဝင်ခွင့်ခေါ်ယူမည့်လုပ်ငန်းအစီအစဉ်နှင့် ဘာသာရပ်အလိုက် လျာထားဦးရေသတ်မှတ်ရန်ကိစ္စများကိုတင်ပြရာ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၊ တပ်မတော်ဆေးတက္ကသိုလ်မှပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ဝင်များဖြစ်သော ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများကို ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ ဒီပလိုမာသင်တန်း ၁၈ ခု၊ မဟာသိပ္ပံသင်တန်း ၆၀ ခုနှင့် ပါရဂူဘွဲ့သင်တန်း ၆၆ ခု စုစုပေါင်း ၁၄၄ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ ဘွဲ့လွန်သင်တန်းများမှ ဒီပလိုမာဘွဲ့ ရရှိသူပေါင်း ၄၀၁၈ ဦး၊ မဟာသိပ္ပံဘွဲ့ရရှိသူပေါင်း ၁၁၇၅၉ ဦးနှင့် ပါရဂူဘွဲ့ရရှိသူပေါင်း ၁၇၆၃ ဦး စုစုပေါင်း ၁၇၅၄၀ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် တက်ရောက်



**နေပြည်တော် ဧပြီ ၂၃**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် "ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေး သင်တန်း"ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးကို မြို့နယ်များရှိ ကျေးလက်နေဒေသများအထိ အမျိုးသမီးအဖွဲ့ဝင်များကို စေတနာ့ဝန်ထမ်းများအဖြစ် အသိပညာပေးမွေးထုတ်ပေးမည်ဖြစ်ပါ၍အရေးကြီးကြောင်း၊ ကျေးလက်ဒေသများအထိ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသမီးရေးရာအဖွဲ့ဝင်များကထဲထဲဝင်ဝင် အိမ်တိုင်ရာရောက် သွားရောက်မည့်လုပ်ငန်းများဖြစ်ပါသဖြင့် ကျေးလက်ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါ၍ အကျိုးရှိသောလုပ်ငန်းများဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တီဘီစီမံချက်မန်နေဂျာ ဒေါက်တာထွန်းဦးက စီမံချက်နှင့် ပတ်သက်သည်များကို ဆွေးနွေးတင်ပြသည်။ အဆိုပါအခမ်းအနားဖွင့်ပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဗဟိုအမှုဆောင်များ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ၁၁ မြို့နယ်မှ သင်တန်းသူ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တီဘီစီမံချက်မှသင်တန်းဆရာများစုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း၊ သင်တန်းကို ဧပြီလ ၂၃ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဘားအံ ဧပြီ ၂၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ သံလွင်မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် Well Pile အခြေပြုကျောက်စီမြေထိန်းနံရံဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ဇွဲကပင်ကုန်းကို သန့်ရှင်းသောသောက်သုံးရေပေးဝေနိုင်ရေးအတွက် ကရင်ပရိယတ္တိစာသင်တိုက် ပရိဝုဏ်အတွင်း စက်ရေတွင်းနှစ်တွင်းဖြင့် ဂါလန် ၇၃၀၀ ဆံ့ မြေပေါ်ရေလှောင်ကန်တစ်ကန်၊ အမြင့်တင်ရေစင်တစ်ခုနှင့် ရေစက်ရုံဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက နွေရာသီတွင် ရေလုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေး မိဂဒါစိန်ဘုန်းတော်ကြီးကျောင်း၌ စက်ရေတွင်းများတူးဖော်ပြီးစီးမှုနှင့် ဖြန့်ဖြူးပေးမည့်အခြေအနေ၊ ကြာအင်းတောထံခြေမဟာအတုလရန်အောင်ကျောင်း၌ တွင်းသစ်တူးဖော်ရန်လျာထားဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# (၂၃-၄-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၈.၂ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၃,၉၄၉,၈၅၁.၆၀ | ၁၇,၅၂၇,၉၀၃.၅၅ | ၁၃,၂၇၄,၅၃၅.၈၃ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေသြဇာ၊ အီလက်ထရောနစ်ပစ္စည်းများ၊ ဂျုံ၊ စားသုံးကုန်စည်များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏အထူးတရားပွဲ ဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများကျင်းပမည်

နေပြည်တော် ဧပြီ ၂၃

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီလ ၃၀ ရက်မှ မေလ ၂ ရက်အထိ) ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်သည်။

ဧပြီလ ၃၀ ရက်ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏အထူးတရားပွဲဓမ္မသဘင်ကိုလည်းကောင်း၊ မေလ ၁ ရက်နှင့် ၂ ရက်တို့တွင်စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## "လမြတ်ကဆုန်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် ဧပြီ ၂၃

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဧပြီလ ၂၄ ရက် သောကြာနေ့ညချမ်းတွင် "လမြတ်ကဆုန်" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

"လမြတ်ကဆုန်" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် အလင်္ကာကျော်စွာ သန်းမြတ်စိုး၊ ရသ၊ ဇေယျာအောင်စိုးမိုး၊ စဝ်ဝဏ္ဏကျော်စွာ၊ ရဲရင့်ဝေလွင်၊ ချိုမီမီဇော်၊ နှင်းဝတ်ရည်၊ ထက်ထက်စိုးစံ၊ အိမွန်ဇင်နှင့် အေးသဇင်တို့က လာမည့်ဧပြီလ ၃၀ ရက်ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပမည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်နှင့် နေပြည်တော် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တွင် ကျင်းပမည့် မဟာမင်္ဂလာအခမ်းအနားများကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဓမ္မပူဇာတေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှဧပြီလ ၂၄ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့ပြင် ဧပြီလ ၂၆ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

## သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက် တစ်ရပ်ရပ်နှင့်ငြိစွန်းသည်ဟု သံသယရှိသောထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစိစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရယူထားသူ ဆလိုင်းရန်လင်းမာန်၏ Chin World သတင်းအေဂျင်စီ၊ ဦးဂျေမှိန်းထန်းစန်းငါ၏ KHONUMTHUNG MEDIA GROUP သတင်းအေဂျင်စီနှင့် ဦးမင်းထက်အောင်၏ မျက်မှောက်ခေတ် (Nowadays News) သတင်းအေဂျင်စီတို့သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)ပါစည်းကမ်းချက်ကိုလိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့်အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းတို့အားထုတ်ပေးထားသည့် သတင်းအေဂျင်စီလုပ်ငန်းများကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီများအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## နွေနှမ်း ၃၅၄၈၈ ဧက စိုက်ပျိုးပြီးစီး၊ နှမ်းခင်းများအောင်မြင်ဖြစ်ထွန်း

စလင်း ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မဲဇလီဆည်၊ စလင်းရေလှောင်တမံဆည်နှင့် ဆည်ငယ်ကန်ငယ်တို့မှ ပို့လွှတ်သောရေတို့ဖြင့် ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် နွေနှမ်း ၃၅၈၁၆ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့ထိ ၃၅၄၈၈ ဧကစိုက်ပျိုးပြီးစီးပြီး နှမ်းခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြေစာရင်းအင်းဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ သိရသည်။

၂၀၂၆ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ စိုက်ပျိုးရာသီအတွင်း အချိန်မီအဆင်ပြေစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် အစိုးရဆည်ရေများနှင့် ဆည်ငယ်ကန် မြေအောက်ရေ ရေစုပ်စက်တို့ဖြင့် အသုံးပြုဆောင်ရွက်ခဲ့ပြီး နွေနှမ်းစိုက်ပျိုးမည့်လယ်ယာမြေများသို့ စိုက်ပျိုးရေများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စနစ်တကျဖြန့်ဝေပေးလျက်ရှိပြီး စိုက်ပျိုးပြီးစီးသည့် နှမ်းမျိုးများမှာ စမုန်နက် ဆင်းရတနာ၊ ဆင်းရတနာနှင့်သိပ္ပံနှမ်းနက် ကေစုစုပေါင်း ၃၅၄၈၈ ဧက စိုက်ပျိုးပြီးစီးနိုင်ခဲ့ကာ နွေနှမ်းအထွက်နှုန်းကောင်းမွန်ရန် စနစ်တကျ ရေသွင်းပေးရန်လိုအပ်ပြီး နှမ်းပင်အခြေရေမဝပ်ရန် စိမ့်ရေဖြင့်ရရှိအောင် ရေပေးမြောင်းစနစ်ဖြင့် ရေသွင်းပေးရကြောင်း သိရသည်။

စလင်းမြို့နယ်တွင် နွေသီးနှံများစိုက်ပျိုးရာသီ၌ စပါးနှင့်နှမ်းကို အဓိကထားစိုက်ပျိုးကြပြီး လယ်မြေ၊ ယာမြေအသီးသီးတို့တွင် ဒေသတွင်း စားသုံးဆီဖူလုံစေရေး နွေနှမ်းသီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနမှ အလေးထား ဦးတည်ဆောင်ရွက်လျက်ရှိရာ သီးနှံများပန်းတိုင်အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေး နည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၂)

## မြဝတီမြို့၏ ပညာရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းဆောင်ရွက်

မြဝတီ ဧပြီ ၂၃

ကရင်ပြည်နယ် မြဝတီမြို့၏ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယနေ့နံနက် ၈ နာရီခွဲတွင် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ ခရိုင်ပညာရေးမှူး ဦးစောဝါးလယ်ထူး၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်၊ မြို့မိမြို့ဖ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ အမှတ် (၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က အမှတ် (၅) ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့်အောင်ဇေယျလမ်းထောင့်ရှိ RC သုံးထပ်အဆောက်အအုံ ပညာရေးဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်မြေနေရာအားလည်းကောင်း၊ အမှတ် (၄) ရပ်ကွက်ရှိ အခြေခံပညာမူလတန်း (မြန်မာနန်း) ကျောင်းဝင်း၌ မီတာ ၄၀၀ အကျယ်အဝန်းရှိသည့် အားကစားကွင်း ပုံဖော်ပြင်ဆင်ခြင်းနှင့် အုတ်စီရေမြောင်း ပြုပြင်ခြင်းကိုလည်းကောင်း၊ အမှတ် (၄) ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းရှိ ဘက်စုံသုံးခန်းမဆောင်အားပြုပြင်ခြင်းနှင့် အားကစားခန်းမပြင်ဆင်ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုကြကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြသည်။

မြဝတီမြို့၏ ပညာရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြင်ဆင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အပြီးသတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မွန်ပြည်နယ်၊ ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုဝင်း(ခ)ဒေါ်ချိုချိုဝင်း ၇/ကတခ(နိုင်)၀၈၈၀၂၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ချိုဝင်း(ခ)ဒေါ်ချိုချိုဝင်း

**ဖခင်အမည်မှန်**
ဘားအံမြို့နယ်၊ အ.ထ.က တောင်ကလေး၊ Grade-9 မှ နန်းဖူးပန်ဦး၏ဖခင်အမည်မှန်မှာ မန်းအေးလွင် ၃/ကကရ(နိုင်)၂၁၆၁၉၄ ဖြစ်ပါကြောင်း။
မန်းအေးလွင်

**ပျောက်ဆုံးကြောင်း**
သီတာဝင်း(ဘ)ဦးချစ်သောင်း ၁၀/ကမရ(နိုင်) ၀၆၇၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ကိုနေစိုး(ဘ)ဦးမြင့်လွင် ၇/ကတခ(နိုင်) ၀၃၁၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၈၈၇၉၂၉

**ပျောက်ဆုံးကြောင်း**
လွင်နီနီဦး(ဘ)ဦးထွန်းထွန်းလွင် ၁၂/သဃက (နိုင်)၂၁၂၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၈၉၄၅၄၁၁

**ပျောက်ဆုံးကြောင်း**
အေးအေးချို(ဘ)ဦးသိန်းညွန့် ၁၃/ကလန (နိုင်)၀၇၂၈၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၃၄၅၇၁၈

**ပျောက်ဆုံးကြောင်း**
စိုးမင်းနိုင်(ဘ)ဦးအောင်သာဇံ ၁၂/သဃက (နိုင်)၀၄၀၃၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၀၁၄၉၅၆

**ပျောက်ဆုံးကြောင်း**
ဥာဏ်ငွေ(ဘ)ဦးကျော်မြင့် ၅/မကန(နိုင်) ၀၇၂၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၅၂၀၉၉

**ပျောက်ဆုံးကြောင်း**
ဇင်ဇင်သော်(ဘ)ဦးကျော်ကျော် ၁၂/သလန (နိုင်)၂၀၂၃၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၁၇၀၇၄၄

**ပျောက်ဆုံးကြောင်း**
နန်းစိန်ဦး(ဘ)စိုင်းဆံထွန်း ၁၃/လခန(နိုင်) ၀၅၆၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

**ပျောက်ဆုံးကြောင်း**
စိုးညီညီငွေ(ဘ)ဦးလှငွေ ၁၂/ဥကတ(နိုင်) ၀၀၂၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၄၆၉၃၉၀၀

**ပျောက်ဆုံးကြောင်း**
ထွေးငယ်(ဘ)ဦးမောင်စိန် ၁၀/ပမန(နိုင်) ၀၉၁၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၉၀၆၁၅၅

**ပျောက်ဆုံးကြောင်း**
ဟိန်းထက်အောင်(ဘ)ဦးမောင်တိုး ၅/အရတ(နိုင်)၁၈၅၈၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အေးသန္တာမြင့်(ဘ)ဦးခင်မောင်ဝင်း ၁၂/လသယ(နိုင်)၁၁၆၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အောင်ဇော်မိုး(ဘ)ဦးတင်မောင် ၇/လပတ (နိုင်)၀၉၃၁၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၄၀၄၉၁၈

**ပျောက်ဆုံးကြောင်း**
သရဝဏ်ဦး(ဘ)ဦးကျော်သက်မိုး ၁၂/ဗဟန (နိုင်)၁၁၇၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မိုင်ချယ်ရီအောင်(ဘ)ဦးဘိုအေး ၇/ပခတ (နိုင်)၁၀၂၄၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မအူပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေး


မအူပင် ဧပြီ ၂၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ထနီးကျေးရွာအုပ်စု ထနီးရွာကြီးပိုင်းကျေးရွာ ညောင်ပင်သာရွှေကျင်ဘုန်းတော်ကြီးကျောင်း၌ ဧပြီလ ၂၂ ရက်က နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မအူပင်မြို့နယ် ဦးစီးမှူး ဦးထင်အောင်ကျော်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာစာရေးများက မြေပြင်အရောက် ကွင်းဆင်း၍ အသက် ၁၀ နှစ်ပြည့်ပြီးသူများ၊ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်အသစ်ပြုလုပ်လိုသည့် ကျောင်းသား၊ ကျောင်းသူများကို လိုအပ်သည့်အချက်အလက်၊ အထောက်အထားများဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း၊ Unique ID နံပါတ်များထုတ်ပေးခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းဒန်တို့က ကြည့်ရှုအားပေးကြသည်။

ထို့ပြင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစောသောင်းဒန်တို့က ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ထနီးကျေးရွာအုပ်စု ထနီးရွာကြီးပိုင်းကျေးရွာ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပြီး မြေငှားဂရန်ထုတ်ပေးမည့်ကျေးရွာအတွင်း ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**




# ချောင်းဆုံမြို့နယ်၌ ညော့သည်ခေါ်ဘုရားပွဲတော်နှင့် (၅၁) ကြိမ်မြောက် ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကျင်းပ



ချောင်းဆုံ ဧပြီ ၂၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ညော့သည်ခေါ်ဘုရားပွဲတော်များကို ဧပြီလ ဆန်းပိုင်းမှစ၍ တစ်ရွာလျှင်တစ်ရက် ကျင်းပလျက်ရှိပြီး တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ဖြစ်သည့် ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကို ကမာမိုကျေးရွာ၌ ဧပြီလ ၂၂ ရက်က ကျင်းပကြောင်း သိရသည်။

ကမာမိုကျေးရွာ၌ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကို ၁၉၇၅ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ကြောင်း၊ လူငယ်မျိုးဆက်သစ်များ ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း ကမာမိုကျေးရွာ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးဖေဝင်းကပြောသည်။

အဆိုပါ ဘုရားဖူးနွားလှည်းယဉ်ကျေးမှုပြိုင်ပွဲကို ပြိုင်ပွဲဝင်ဘုရားဖူးနွားလှည်းယဉ်များဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမှတ်ပေးအဖွဲ့ ငါးဖွဲ့မှ နွား၊ လှည်း၊ ပါဝင်သူများ၏ ဣန္ဒြေရှိမှု၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်မှုအချိုးအစား စသည်ဖြင့်အမှတ်ပေး၍ ဆုချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# ပွင့်ဖြူမြို့နယ်၌ VDP စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် AVIP သင်တန်းဖွင့်လှစ်

ပွင့်ဖြူ ဧပြီ ၂၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် စီမံကိန်းလုပ်ငန်းဆိုင်ရာ AVIP သင်တန်းဖွင့်ပွဲကို ဧပြီလ ၂၂ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်က ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်နှင့် ကျေးရွာများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုဘဝမြင့်မားလာစေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းနှင့် တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်ဆောင်ရွက်ရာတွင် အခက်အခဲမဖြစ်စေရန် သင်တန်းမှပို့ချမည့်ဘာသာရပ်များကို ဂရုတစိုက်လေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က VDP စီမံကိန်းတွင် ပါဝင်သည့် AVIP ပုံစံများနှင့် စာရင်းဇယားဖြည့်သွင်းနည်းစနစ်များ၊ ရက်(၁၀၀)စီမံချက်အသုံးစရိတ်ရေးဆွဲပြုစုနည်းများနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းလင်းအောင်က စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်သည့် နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်အကြောင်းအရာများကို စာတွေ့လက်တွေ့သင်ကြားပေးသည်။

အဆိုပါသင်တန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ရွှေဘိုရွာသစ်ကျေးရွာမှ စီမံကိန်းကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# သာစည်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



သာစည် ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသောလုပ်ငန်းများကို ဧပြီလ ၂၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၃ ဒသမ ၁ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မယ်ဇလီကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးအတွက် ငွေကျပ် ၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးအတွက် ငွေကျပ် ၃ ဒသမ ၄ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးအတွက် ငွေကျပ် ၁၈ ဒသမ ၉ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးအတွက် ငွေကျပ် ၄ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဘာရိုက်တန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ချယ်လ်ဆီးအသင်းက နည်းပြ ရိုစီနီယာအား ရာထူးမှထုတ်ပယ်



လန်ဒန် ဧပြီ ၂၃

ချယ်လ်ဆီးအသင်းက ဘာရိုက်တန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် နည်းပြရိုစီနီယာအား ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် အသင်းကိုအောင်မြင်မှုများ ရယူပေးနိုင်ခဲ့သည့် နည်းပြ မာရက်စ်ကာကို ရာထူးမှ ထုတ်ပယ်ပြီးနောက် စထရာဘော့အသင်း နည်းပြရိုစီနီယာအား ပြီးခဲ့သည့် ဇန်နဝါရီလက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့သည်။

နည်းပြရိုစီနီယာအား နည်းပြအဖြစ်ခန့်အပ်ခဲ့မှုအပေါ် ချယ်လ်ဆီးအသင်း အဓိက ကစားသမားအများစုက ဝေဖန်မှုများရှိခဲ့ပြီး နောက်ပိုင်းတွင်လည်း အသင်းအနေဖြင့် ရလဒ်များဆက်တိုက်ဆိုးရွားလာသည့်အတွက် ချယ်လ်ဆီးအသင်းက လေးလခန့်အကြာတွင် နည်းပြရိုစီနီယာအား ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဘာရိုက်တန်အသင်းကို ၃ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် နောက်ဆုံးကစားခဲ့သည့် ငါးပွဲဆက်ရှုံးနိမ့်ပြီး အသင်းတိုက်စစ်ပိုင်းအနေဖြင့်လည်း သွင်းဂိုး တစ်ဂိုးမှမရရှိခဲ့ဘဲ အသင်းသမိုင်းတစ်လျှောက် နှစ်ပေါင်း ၁၄၄ နှစ်အတွင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးတစ်ဂိုးမှမရရှိဘဲ ငါးပွဲဆက်ရှုံးနိမ့်သည့် မှတ်တမ်းဆိုးတစ်ရပ်ရရှိခဲ့သည်။

နည်းပြရိုစီနီယာသည် ချယ်လ်ဆီးအသင်းကို ပြိုင်ပွဲစုံ ၂၃ ပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာ ၁၁ ပွဲအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နှင့် ၁၀ ပွဲရှုံးရလဒ်ရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းအနေဖြင့် စာချုပ်ဖျက်သိမ်းကြေးအဖြစ် နည်းပြရိုစီနီယာအား စတာလင်ပေါင် ၂၄ သန်းပေးချေရမည်ဖြစ်သည်။

နည်းပြရိုစီနီယာသည် ချယ်လ်ဆီးအသင်းကို စုစုပေါင်း ၁၀၆ ရက်သာ တာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့သည့်အတွက် ၁၈၇ ရက်တာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြ ဘင်နီတက်ပြီးလျှင် အသင်းသမိုင်းတစ်လျှောက် သက်တမ်းအတိုဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် နည်းပြ ရိုစီနီယာအား နည်းပြရာထူးမှ ထုတ်ပယ်ပြီးနောက် ယခုဘောလုံးရာသီကုန်အထိ ယာယီနည်းပြအဖြစ် လက်ထောက်နည်းပြ မက်ဖာလန်းကို တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

*Ref;Sky Sports*

# လိုက်ပဇစ်အသင်းက ဒီယိုမန်ဒီအတွက် ပြောင်းရွှေ့ကြေး ပေါင် ၈၇ သန်း သတ်မှတ်

ဘာလင် ဧပြီ ၂၃

လိုက်ပဇစ်အသင်းက အသင်းမှ လူငယ်တိုက်စစ်ကစားသမား ဒီယိုမန်ဒီအတွက် ပြောင်းရွှေ့ကြေးကို မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၈၇ သန်းတိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၁၉ နှစ်အရွယ် ဒီယိုမန်ဒီသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက လီဂါနက်စ်အသင်းမှ လိုက်ပဇစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ယခုဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့်အတွက် လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန် ကြိုးပမ်းနေ၍ လိုက်ပဇစ်အသင်းက မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဒီယိုမန်ဒီသည် ယခုဘောလုံးရာသီတွင် လိုက်ပဇစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၂ ပွဲကစားခဲ့ရာ ၁၃ ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ပြုလုပ်နိုင်သည်အထိ ခြေစွမ်းပြနိုင်ခဲ့ပြီးနောက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများက ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

*Ref;Fotmob*

# ဂျူဗင်တပ်စ်အသင်းက လီဗာပူးအသင်းမှထွက်ခွာမည့် ဂိုးသမား အလီဆန်ဘတ်ကာအား ခေါ်ယူနိုင်ရန်စီစဉ်

ရောမ ဧပြီ ၂၃

စီးရီးအေထိပ်သီး ဂျူဗင်တပ်စ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် လီဗာပူးအသင်းမှ ထွက်ခွာမည့် ဂိုးသမား အလီဆန်ဘတ်ကာအား ခေါ်ယူနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် အလီဆန်ဘတ်ကာသည် ၂၀၁၈ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဆုဖလားများဆွတ်ခူးနိုင်ခဲ့ကာ ကာလရှည်အဓိကကစားသမားတစ်ဦးအဖြစ်ရပ်တည်နိုင်ခဲ့၍ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးဂိုးသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့သည်။

အလီဆန်ဘတ်ကာနှင့် လီဗာပူးအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး အလီဆန်ဘတ်ကာကိုယ်တိုင်က လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာလိုနေပြီး လီဗာပူးအသင်းကလည်း ထွက်ခွာခွင့်ပြုထားသည်။

ဂျူဗင်တပ်စ်အသင်းသည် လာမည့်ဘောလုံးရာသီတွင် အီတလီစီးရီးအေချန်ပီယံဆုပြန်လည်ဆွတ်ခူးနိုင်ရန်အတွက် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကစားသမားစာရင်းကို ကြီးကြီးမားမား အပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး ဂိုးသမားနေရာအတွက်လည်း ရိုးမားအသင်းနှင့်အတူ စီးရီးအေပြိုင်ပွဲတွင် အတွေ့အကြုံရှိသည့် ဂိုးသမားအလီဆန်ဘတ်ကာအား ခေါ်ယူလိုနေခြင်းဖြစ်သည်။

အလီဆန်ဘတ်ကာသည် လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၃၂ ပွဲအထိ ပါဝင်ကစားပေးထားကြောင်း သိရသည်။

*Ref;Fabrizio Romano*




# ခရစ္စတယ်ပဲလေ့စ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် မန်ယူအသင်းနည်းပြဟောင်း အမိုရင်အား ခန့်အပ်ရန်ကြိုးပမ်းနေ

လန်ဒန် ဧပြီ ၂၃

ခရစ္စတယ်ပဲလေ့စ်အသင်းက ယခုဘောလုံးရာသီအကုန်တွင် နည်းပြသစ်အဖြစ် မန်ယူအသင်းနည်းပြဟောင်း အမိုရင်အား ခန့်အပ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိခရစ္စတယ်ပဲလေ့စ်အသင်း နည်းပြအိုလီဗာဂလက်နာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို အက်ဖ်အေဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံး အဓိကဆုဖလားဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အသင်းနှင့်လမ်းခွဲရန် ဆုံးဖြတ်ထားသူဖြစ်သည်။

လက်ရှိတွင် ခရစ္စတယ်ပဲလေ့စ်အသင်းက နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေပြီး မန်ယူအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြအမိုရင်အား ခန့်အပ်လိုနေခြင်းဖြစ်သည်။

နည်းပြအမိုရင်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလက မန်ယူအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ကာ ယခုဘောလုံးရာသီတွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် ပြီးခဲ့သည့် ဇန်နဝါရီလက မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

အစောပိုင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြအမိုရင်အား ပေါ်တူဂီထိပ်တန်းကလပ်ဘင်ဖီကာအသင်းက နည်းပြမော်ရင်ဟို၏နေရာ၌ အစားထိုးဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း လက်ရှိအချိန်ထိ သဘောတူညီမှုရရှိထားခြင်းမရှိသည့်အတွက် ခရစ္စတယ်ပဲလေ့စ်အသင်းက ဘင်ဖီကာအသင်းနှင့်အပြိုင် နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ယခုဘောလုံးရာသီမကုန်ဆုံးမီ သဘောတူညီမှုရရှိနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# အရိပ်

မစန္ဒာ

"ညီလင်း၏မျက်နှာသည် သွေးရောင်လျှမ်းတက်လာသည်။ စုလှိုင်ကို ဖိတ်စာပို့ပေးလိုက်မည်ဟု ခေါင်းမော်ကာ ပြောခဲ့သော်လည်း လက်တွေ့တွင်မူ မပို့ဖြစ်ခဲ့ပေ။ သူ့အကြောင်းကို မကြာခဏတွေးနေမိသော်လည်း သူ့ဆီသို့ မသွားဖြစ်အောင်စိတ်ကိုထိန်းထားနိုင်ခဲ့လေသည်။ တစ်ခါတော့ အမြတ်တော်ခွန်ရုံးမှဆင်းလာသော စုလှိုင်ကိုတွေ့ရသေးသည်။ သူဝတ်နေကျ အရောင်တောက်တောက် အဝတ်အစားမျိုးမဟုတ်ဘဲ အင်္ကျီဖြူနှင့်လုံချည်ပြာဖျော့ဖျော့လေး ဝတ်ထားသဖြင့် ကြည့်ရသည်မှာ အေးချမ်းနေလေသည် . . ."

**ယမန်နေ့မှအဆက်**

'ညီလင်းပေးတဲ့နာမည်ကို ဒီတစ်ခါတော့ အမာညိုက အတော်သဘောကျနေတယ်။ တော်သေးတာပေါ့ဟဲ့၊ ညီလင်းက ဝိဇယ ဇာတ်ဖတ်မိပေလို့ပဲ၊ သူ ကာတွန်းတွေ ဖတ်နေတုန်း ငှါသားလေးနာမည်ကို ပေးခိုင်းမိရင် "ဦးဒိန်းဒေါင်" တို့ "ဦးကပ်စီး" တို့ ဖြစ်လာမှာတဲ့'

ကလေးကို အမည်ရွေးနေကြစဉ်က ညီလင်းသည် ဝိဇယဇာတ်ဖတ်နေမိသည်။ ထို့ကြောင့် "ဟော့ကောင် ငှါတူလေး မင်းကို ငါ ဝိဇယလို့ ခေါ်မယ်"ဟု ပြောလိုက်သည်။ ထို့ကြောင့် မည်မျှပင်လှသော ကောင်းသောအမည်ကို နေ့သင့်နံသင့် ရွေးမှည့်သော်လည်း သူတို့အိမ်မှာတော့ ဟနုမာန်၏ညီလေးသည် "ဝိဇယ"ဟုသာ အမည်တွင်သွားလေတော့သည်။ ဘီလူးတို့ကိုနိုင်သော လူစွမ်းကောင်းမင်းသား၏ အမည်မို့ အမာညိုက သဘောကျနေခြင်း ဖြစ်သည်။

'မမ ဘာလုပ်နေလဲ၊ ခုနက ကိုပေါက်ကျိုင်းကို ဆူနေတယ်မဟုတ်လား'

'အေးဟယ်၊ ပေါက်ကျိုင်းက ခရမ်းကြွပ်သီးကို ငါးပိရည်နဲ့တို့စားတာ ကုန်အောင်မစားလို့တဲ့၊ တစ်လုံးကို ဆယ်ပြားတောင်ပေးရတာ၊ အညှာပါကုန်အောင် စားရမယ်ဆိုပြီး ဆူနေတာလေ'

'မမကဗျာ၊ အားကြီးပူညံပူညံလုပ်တာပဲ၊ အရင်ကနဲ့မတူတော့ဘူး'

'သူလည်း ဘယ်လုပ်ချင်ပါ့မလဲ ညီလင်းရယ်၊ အိမ်ထောင်ရှင်မရယ်လို့ ဖြစ်လာရင် မိန်းမကြမ်း မဖြစ်ချင်ဘဲ ဖြစ်ရတော့တာဘဲ၊ အခု ဖေဖေတို့၊ မေမေတို့က တရားဘက်ကို စူးစိုက်နေကြတော့ မီးဖိုချောင်တာဝန်က သူ့ပခုံးပေါ်ရောက်လာတယ်မဟုတ်လား'

'ဟာဗျာ သူ့ကိုကြည့်ပြီး မိန်းမယူရမှာ ကြောက်လာတယ်၊ သူ့လို မိန်းမနဲ့သာရင် ခရမ်းသီးကို အညှာပါစားရမှာ၊ ဟင်းများချက်နေရင် သိပ်ရယ်ရတယ်၊ ဆီမှုတ်ကလေးကိုင်ပြီး နည်းနည်းလေးထည့်လိုက်၊ လက်တွန့်သွားလိုက်၊ ထည့်လိုက်တွန့်လိုက်နဲ့ ချိုမိုင်မိုင်ကတာကျနေတာပဲ'

သက်သက်သည် တသိမ့်သိမ့်ရယ်မောရင်း ညီလင်း၏ဘေးတွင် ဝင်၍ထိုင်လိုက်သည်။ စပ်စုမသည် သူ့လက်ထဲမှ စံပယ်ပွင့်လေးများကို သက်သက်အား ကမ်းပေးသည်။ မွှေးထုံကြိုင်သင်းနေသောပန်းရနံ့ကို ရှူရှိုက်လိုက်ရင်း သက်သက်၏ရင်ထဲတွင် အေးသွားသည်။ စံပယ်ရနံ့သင်းပျံ့ပျံ့ကို ရှူရတိုင်း သက်သက်သည် သူတို့၏ မင်္ဂလာဦးညလေးကိုသတိရသည်။ ထိုစဉ်က စံပယ်နံ့သည် ကြိုင်နေအောင် သင်းပျံ့မွှေးနေခဲ့လေသည်။

'ညီလင်းက လူကြီးတွေစပ်တဲ့ မိန်းကလေးကို ဘာလို့ငြင်းတာလဲ'

'ကျွန်တော် သူ့ကိုမနှိပ်စက်ချင်လို့ပါ'

'ဘာပြောတယ်၊ မနှိပ်စက်ချင်လို့ ဟုတ်လား'

'ဟုတ်တယ်၊ သူ့ကိုမှ ကျွန်တော်မချစ်တာဘဲ၊ မချစ်ဘဲနဲ့ယူရင် သူလည်း စိတ်ဆင်းရဲ၊ ကျွန်တော်လည်း စိတ်ဆင်းရဲ'

'ကောင်မလေးက မဆိုးပါဘူးဆို'

'အင်း မဆိုးပါဘူး၊ ကျွန်တော်ယူတောင် ယူလိုက်ဦးမလို့၊ ဒါပေမဲ့ ခုနတုန်းက ပြောသလိုပေါ့၊ နှစ်ယောက်စလုံး စိတ်ဆင်းရဲမှာစိုးလို့'

'ယူတော့လည်း ချစ်သွားကြမှာပေါ့ ညီလင်းရယ်'

'သိပါဘူးဗျာ'

'ညီလင်းမှာ ချစ်တဲ့လူ ရှိထားလို့လား'

ညီလင်းညိုသည် ဘာမှပြန်မဖြေဘဲ ငြိမ်နေလေသည်။ သူနှင့်စုလှိုင်၏ ဇာတ်ကြောင်းကို သူတို့ညီအစ်ကိုနှစ်ဦးမှလွဲ၍ မည်သူမျှသိမထားကြပေ။ ရည်းစားသနာမရှိပါဘဲလျက် လူကြီးတွေစီစဉ်သမျှ ခေါင်းခါနေသဖြင့်လည်း အမာညိုတို့၊ သက်သက်တို့က အံ့သြနေကြလေသည်။

'ရှိတယ်လို့ ထင်တာပဲ'

'ဘယ့်နှယ်လဲ ညီလင်းရဲ့၊ ရှိရင်ရှိတယ် မရှိရင်မရှိဘူးပေါ့၊ ဘယ့်နှယ် ထင်တာပဲလဲ'

'ကျွန်တော်က ချစ် မချစ် မသေချာဘူး၊ သူက ချစ် မချစ်လည်း မသိဘူး'

'ဘယ်သူလဲဟင်'

'မသိချင်ပါနဲ့ဗျာ'

ညီလင်း၏မျက်နှာသည် သွေးရောင်လျှမ်းတက်လာသည်။ စုလှိုင်ကို ဖိတ်စာပို့ပေးလိုက်မည်ဟု ခေါင်းမော်ကာ ပြောခဲ့သော်လည်း လက်တွေ့တွင်မူ မပို့ဖြစ်ခဲ့ပေ။ သူ့အကြောင်းကို မကြာခဏတွေးနေမိသော်လည်း သူ့ဆီသို့ မသွားဖြစ်အောင် စိတ်ကိုထိန်းထားနိုင်ခဲ့လေသည်။ တစ်ခါတော့ အမြတ်တော်ခွန်ရုံးမှ ဆင်းလာသော စုလှိုင်ကိုတွေ့ရသေးသည်။ သူဝတ်နေကျ အရောင်တောက်တောက် အဝတ်အစားမျိုးမဟုတ်ဘဲ အင်္ကျီဖြူနှင့် လုံချည်ပြာဖျော့ဖျော့လေးဝတ်ထားသဖြင့် ကြည့်ရသည်မှာ အေးချမ်းနေလေသည်။ ညီလင်းကို တွေတွေလေးငေးကြည့်နေပြီးမှ "ဖိတ်စာမပို့သေးပါလား"ဟု သရော်သလို မေးသွားသည်။

'ဟော့ ဘာလုပ်နေကြတာလဲ'

ကျော်ထွန်းညိုနှင့်ပေါက်ကျိုင်းသည် သူတို့ဘေးသို့ ယောင်ပေပေဖြင့်ရောက်လာကြသည်။

'လေဘေးဒုက္ခသည်တွေကို ကြိုဆိုကြပါခင်ဗျာ'

ပေါက်ကျိုင်းက အရွှန်းဖောက်ကာ ပြောသည်။ တမင်လုပ်ထားသော ကုပ်ချောင်းချောင်းအမူအရာလေးဖြင့် ငုတ်တုတ်ထိုင်ချလိုက်သည်။ အမာညို ဆူလွှတ်၍ လွင့်ထွက်လာသူများကို လေဘေးဒုက္ခသည်များဟု အချင်းချင်း အမည်ပေးထားကြလေသည်။

'အလကား ကောင်မလေးကွာ၊ သူငယ်ငယ်တုန်းကလည်း သရေကွင်းကို ရေနံဆီစိမ်ပြီး အကြီးကြီးဖြစ်အောင် လုပ်ကစားနေကျပဲ၊ အခုကလေးကျတော့ ချုပ်ချုပ်ချယ်ချယ်'

'ဘာဖြစ်လို့လဲ ကိုကိုရဲ့'

'ဘာဖြစ်ရမလဲ မိညိုပေါ့၊ ဟနုမာန်ကို ဒို့က သရေကွင်းလေး၊ ငါးကွင်း ရေနံဆီစိမ်ပေးလိုက်မိပါတယ်၊ ပြစ်မှုကြီး တသီကြီးနဲ့စွဲချက်တင်ခံရတော့တာပဲ၊ နို့ဆီခွက်က ရောင်းစားဖို့တဲ့၊ သုံးလုံးကို တစ်ကျပ်ရတယ်တဲ့၊ ဆော့စရာမဟုတ်ဘူးတဲ့၊ နောက်ပြီး ရေနံဆီဆိုတာကိုလည်း ကစားစရာလို့ ကိုကိုက ထင်သလားတဲ့၊ တစ်လတစ်လ အလျဉ်မီအောင် မနည်းသုံးနေရတာမသိဘူးလားတဲ့၊ အပြင်ကဝယ်ရရင် ဈေးကသုံး၊ လေးဆများတယ်တဲ့၊ ဟာကွာ၊ ဗျစ်တောက် ဗျစ်တောက်နဲ့၊ ငါလည်း ကျောကော့ပြီး လစ်လာရတာပဲ'

ကျော်ထွန်းညိုက ရယ်မိသည်။ သူပုသိမ်ပြောင်းမသွားခင်က ရယ်မောပျော်ရွှင်ရန်သာ စဉ်းစားတတ်သော ညီမငယ်အမာညိုသည် အပြောင်းလဲကြီး ပြောင်းလဲလျက်ရှိပေပြီ။ နေရာတကာတွင် စီးပွားရေးပေတံကြီးနှင့် တိုင်းပြီး "ဒါက ဘယ်လောက်တန်တယ်အောက်မေ့သလဲ၊ အလကားရတယ် ထင်နေသလား"ဟု တဆူဆူ တညံညံလုပ်တတ်သူဖြစ်နေချေပြီ။ ကျော်ထွန်းညိုသည် သူ့ညီမကို ကြည့်ပြီး ရယ်လည်းရယ်ချင် စိတ်လည်းညစ်လှသည်။

'ငါက နင်ဒီလိုလုပ်နေ၊ တော်ကြာ ပေါက်ကျိုင်းက နောက်မိန်းမယူသွားမယ်ဆိုတော့ ယူပါစေတဲ့'

'ဟုတ်တယ်ဗျ၊ ကျွန်တော့်ကိုလည်း ခဏခဏပြောတယ်၊ ခုနေသာ သူ့အပျိုပြန်ဖြစ်ရင် ယောကျ်ားမယူတော့ဘူးတဲ့'

ပေါက်ကျိုင်းက သူ့ခေါင်းကိုသူကုတ်ကာ ရယ်နေသည်။ သူတို့နှစ်ဦးစလုံး အလုပ်သင်မို့ နှစ်ဦးပေါင်းလျှင် လခခြောက်ရာရသည်။ ထိုလခထဲမှ စားစရိတ်မပါသေးဘဲ ကလေးနို့မှုန့်ဖိုးနှင့်ဆေးဖိုးက တစ်ဝက်မက နုတ်သည်။ မိဘအိမ်ကပ်စားနေ၍ တော်တော့သည်။ ကိုယ့်အိုးကိုယ့်အိမ်နှင့်ဆိုပါက တစ်လနှင့်တစ်လ အလျဉ်မီရန် မလွယ်ပေ။ ယခုလည်း အမာညိုခမျာ အတွင်းခံအင်္ကျီဝယ်ချင်သည်မှာ သုံး၊ လေးလရှိပြီဖြစ်သော်လည်း ယခုတိုင် မဝယ်နိုင်ရှာသေးပေ။

'သိပ်မပြောနဲ့၊ တော်ကြာ ညီလင်း တစ်ယောက် အိမ်ထောင်မပြုရဲဘဲဖြစ်နေဦးမယ်၊ ခုတောင် ဟိုတွေးဒီတွေးနဲ့၊ ကိုကိုရေ ညီလင်းက သက်ကိုပြောတယ်၊ သူချစ်တဲ့သူရှိတယ်လို့ သူ့ကိုယ်သူထင်တယ်တဲ့၊ ဘယ်သူလဲ ကိုကို သိလားဟင်'

ကျော်ထွန်းညိုသည် ရယ်၍နေရာမှ ရုတ်တရက်တည်သွားသည်။ ငြိမ်ချက်သားကောင်းနေသော ညီလင်းကို ကရုဏာမကင်း လှမ်း၍ကြည့်လိုက်မိလေသည်။ ညီလင်းသည် ပြောဆိုနေကြသောစကားများကို ကြားဟန်မတူပေ။ စံပယ်ပွင့်လေးများကိုငေးကြည့်နေသော်လည်း မြင်ပုံမရချေ။ သူ့စိတ်သည် တစ်စုံတစ်ဦးဆီသို့ ပျံ့လွင့်နေဟန်ရှိသည်။

ဆက်လက်ဖော်ပြပါမည်။

ဤဝတ္ထုပြီးဆုံးပါက စာရေးဆရာကြီး တင့်တယ်၏"ကမ္ဘဖလ"ဝတ္ထုအား ဆက်လက်ဖော်ပြပါမည်။

## သုံးခွမြို့နယ် နန်းခလဲကျေးရွာ၌ ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် လက်ပန်နန်းခလဲကျေးရွာအုပ်စု နန်းခလဲကျေးရွာ ဒက္ခိဏာရုံကျောင်းတိုက်၌ ကျောင်းသား၊ ကျောင်းသူများအား ဗုဒ္ဓဘာသာ၏ အခြေခံသဘောတရားများကို သိရှိလာစေရန်နှင့် ယဉ်ကျေးလိမ္မာသော ကလေးငယ်များဖြစ်လာစေရန် ရည်ရွယ်၍ ဧပြီလ ၂၂ ရက်က ယဉ်ကျေးလိမ္မာဓမ္မစကူးလ်သင်တန်း ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ဒက္ခိဏာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရသိဒ္ဓိက ဩဝါဒကထာ မြွက်ကြားသည်။ သင်တန်းကို ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရသိဒ္ဓိက ဦးဆောင်ကြီးကြပ်ကာ ဧပြီလ ၂၂ ရက်မှစတင်၍ နေ့စဉ် နံနက် ၁၁ နာရီမှ ညနေ ၃ နာရီခွဲအထိတစ်လကြာ သင်တန်းနည်းပြခုနစ်ဦးတို့က ပို့ချပေးလျက်ရှိသည်။

အဆိုပါယဉ်ကျေးလိမ္မာဓမ္မစကူးလ်သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၁၃၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

ကိုကျော် (သုံးခွ)

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ စစ်တမ်းကောက်ယူခြင်းနှင့် ကွင်းဆင်းကုသပညာပေးခြင်းများဆောင်ရွက်

မြောင်းမြ ဧပြီ ၂၃

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ တွဲဖက်ပါမောက္ခ ဒေါက်တာ သိန်းထွန်းဦး ဦးဆောင်သော ဆေးတက္ကသိုလ် ဆရာ/ဆရာမများ၊ အလုပ်သင်ဆရာဝန်များနှင့် ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများပါဝင်သောအဖွဲ့သည် ဧပြီလ ၂၂ ရက်မှစ၍ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာအုပ်စုနှင့် ကွမ်းခြံကြီးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းကျန်းမာရေးဟောပြောပွဲများ ဆောင်ရွက်ခြင်းနှင့် စစ်တမ်းကောက်ယူခြင်း၊ ဆေးဝါးကုသပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာအုပ်စုသို့ တွဲဖက်ပါမောက္ခ ဒေါက်တာသိန်းထွန်းဦးပါဝင်သောအဖွဲ့များမှလည်းကောင်း၊ ကွမ်းခြံကြီးကျေးရွာအုပ်စုသို့ ဒေါက်တာခင်အေးသန်းပါဝင်သောအဖွဲ့များမှလည်းကောင်း သွားနှင့်ခံတွင်း ဆေးဝါးကုသခြင်းများ ဆောင်ရွက်ကြသည်။

ဒေသခံပြည်သူများ ဆေးဝါးကုသမှုခံယူနေမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန္ဒာအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစိုးနိုင်၊ မြောင်းမြမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့်တာဝန်ရှိသူများက အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တာဝန်ရှိသူများသည် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်အစီအစဉ်ဖြင့် မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာအတွင်း မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ကွင်းဆင်းမြေတိုင်းတာမှုဆောင်ရွက်လျက်ရှိသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးစေရေး အလေးထားလိုက်နာဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

ချမ်းမြေ့

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် နိုင်ငံသားပိုင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ နေပြည်တော်)တို့တွင် ၂၃-၄-၂၀၂၆ ရက်နေ့မှ ၇-၅-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၄-၅-၂၀၂၆ ရက်နေ့မှ ၇-၅-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇၃-၄၀၄၀၂၀၊ ၀၆၇၃-၄၀၄၄၈၂(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၇၆၆၈၀၂၃၈(အစိုးရနည်းပညာကောလိပ်၊ မန္တလေး)၊ ၀၉-၄၀၁၀၈၄၀၉၃(အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)၊ ၀၉-၇၅၇၂၀၄၁၀၇၊ ၀၉-၈၈၇၆၄၅၅၈၀(အစိုးရစက်မှုလက်မှုသိပ္ပံ၊ နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website များဖြစ်သော www.most.gov.mm နှင့် www.dtvet.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ်မှ စက်ကိရိယာပစ္စည်း(၂၈)မျိုးနှင့် သာမန်အသုံးစရိတ်မှ ရုံးအသုံးအဆောင်ပစ္စည်း(၂၆)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို **ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂၉)** နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**စက်ကိရိယာပစ္စည်း(၂၈)မျိုး**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | ၂၇-၄-၂၀၂၆ ရက်မှ ၈-၅-၂၀၂၆ ရက်အထိ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၈-၅-၂၀၂၆ ရက်(သောကြာနေ့)(၁၅:၀၀)နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - | ၁၄-၅-၂၀၂၆ ရက်(ကြာသပတေးနေ့) |

**ရုံးအသုံးအဆောင်ပစ္စည်း(၂၆)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | ၂၇-၄-၂၀၂၆ ရက်မှ ၈-၅-၂၀၂၆ ရက်အထိ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၈-၅-၂၀၂၆ ရက်(သောကြာနေ့)(၁၅:၀၀)နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - | ၂၁-၅-၂၀၂၆ ရက်(ကြာသပတေးနေ့) |

၃။ တင်ဒါတင်သွင်းရန် တင်ဒါလျှောက်လွှာပုံစံဝယ်ယူသည့်နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(အစည်းအဝေးခန်းမ)၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ Website www.rtad.gov.mm၊ www.myanmarrtad.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၄၀၅၀၉၈၊ ၀၆၇-၄၀၅၃၆၀**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများနှင့် စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.3.Med & Med Supplies and Reagents(2026–2027) |
| | - | Tender.4.Equipment(2026–2027) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၃-၄-၂၀၂၆ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၇-၅-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

အောင်လံမြို့နယ်၊ ဇေယျာဝတီရပ်ကွက်နေ မသီတာရွှေ(ဘ)ဦးသိန်းအောင်(ခ)ဝိုချရမ်း(ခ)အာနီ ၈/အလန(နိုင်)၂၂၇၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၅၅၆၃၄၃၉

**ပျောက်ဆုံးကြောင်း**

မဘာဘီသာ(ခ)လှလှဝင်း(ဘ)ဦးဘကြူလား ၈/မထန(နိုင်)၀၇၉၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 118669)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၅၅၆၃၄၃၉

**ပျောက်ဆုံးကြောင်း**

မြဝတ်ရည်(ဘ)ဦးအောင်သန်း ၉/စကတ(နိုင်)၁၃၃၀၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**

မရှောက်စီး(ဘ)ဦးရှီးဆန် ၁၃/ဟပတ(နိုင်)၀၃၂၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၆၀၆၄၉၇

**ပျောက်ဆုံးကြောင်း**

မလော်ကျီးရှုံ(ဘ)ဦးလော်ဖူးပေါက် ၁၃/ကကန(နိုင်)၀၁၀၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 579517)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၆၀၆၄၉၇

**AKHAL COMPANY LIMITED**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)(က)(၂)နှင့် ပုဒ်မ-၁၅၂(က)အရ အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း**

၁၀-၄-၂၀၂၆ ရက်တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ "AKHAL COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဖြူဖြူငြိမ်း(Register No.107190)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပေးသွင်းခြင်းနှင့် တောင်းခံခြင်းများပြုလုပ်ရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်းတင်ပြတောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| ဒေါ်ဖြူဖြူငြိမ်း | SWE SWE MAR |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | အုပ်ချုပ်မှုဒါရိုက်တာ |
| အမှတ်-၄၂၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ | AKHAL COMPANY LIMITED |

**MYANMAR EIGHT BROTHERS GROUP COMPANY LIMITED**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြေညာခြင်း**

၁။ "MYANMAR EIGHT BROTHERS GROUP COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်(၂၃-၄-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅) အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | U YAN NAING AUNG |
| B.Com(AA);C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | MYANMAR EIGHT BROTHERS GROUP CO.,LTD. |

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အ.ထ.က(ခွဲ)သမှုန်းပင်ကျောင်းမှ အလယ်တန်းကျောင်းအုပ် ဒေါ်ရွှေစင်သိန်း(ခ)ဒေါ်ရွှေဇင်သိန်း ၈/နမန(နိုင်)၀၉၉၃၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ရွှေစင်သိန်း(ခ)ဒေါ်ရွှေဇင်သိန်း

**ပျောက်ဆုံးကြောင်း**

ကေသွယ်ထွန်း(ဘ)ဦးခင်မောင်စိုး ၉/ကဆန(နိုင်)၁၅၄၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**

ခင်လှဲ့လှဲ့ဝင်း(ဘ)ဦးအောင်သန်း ၁၂/ကမတ(နိုင်)၀၂၃၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

သိန်းတိုး(ဘ)ဦးမင်းအောင် ၉/တသန(နိုင်)၂၃၉၈၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

သန်းဇော်ဝင်း(ဘ)ဦးတင်ဝင်း ၁၄/မအပ(နိုင်)၃၃၉၇၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၉၅၉၀၄၂

**ပျောက်ဆုံးကြောင်း**

ရွှေဇင်နွယ်(ဘ)ဦးအောင်စ ၁/မညန(နိုင်)၁၇၅၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 807539)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၄၈၉၅၁၅၀

**ပျောက်ဆုံးကြောင်း**

သူဇာစိုး(ဘ)ဦးစိုးဝင်း ၁၂/သကတ(နိုင်)၁၃၇၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 231398)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၉၃၁၆၃၇

**ပျောက်ဆုံးကြောင်း**

သက်နိုင်ဦး(ဘ)ဦးထွန်းထွန်းမြင့် ၁၄/ကပန(နိုင်)၂၂၀၅၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၀၇၉၈၆၈


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


သဘာဝအာစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး
Lemon Tea
Tea mix
Black Tea
ရွှေဖီဦး
FDA အမှတ် စ၄/ ၁၄၀၉၁/ထလ
ASEAN-OSHNET AWARD
Best Practices Award
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


NAY PYI TAW
"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း
နေပြည်တော် သောက်ရေသန့်အစွမ်း"
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၀၈၆၄၆
STARMART NINE MILE Showroom-(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw- ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်ကြည့်ရှုအားပေး

စာ - ၅ သို့

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျိုင်းတုံတပ်နယ်၊ မိုင်းခတ်နှင့် မိုင်းယန်းတပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြား

## တပ်မတော်၏ကောင်းမွန်သည့်အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာကွယ်ရန်မှာ တပ်မတော်သားအားလုံးတွင် တာဝန်ရှိ






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကျိုင်းတုံတပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမဦလည်းကောင်း၊ ယနေ့ မွန်းလွဲပိုင်းတွင် မိုင်းခတ်နှင့်မိုင်းယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား မိုင်းခတ်တပ်နယ်ခန်းမဦလည်းကောင်း သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင်

**စာမျက်နှာ ၁၆ ကော်လံ ၁ ⊃**

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC) အဖွဲ့ဝင်များတွေ့ဆုံ၍ လုပ်ငန်းစဉ်များဆွေးနွေး

စာ - ၁၂ သို့

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲစတင်ကျင်းပ

စာ - ၃ သို့

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကျင်းပ ထားဝယ်မြို့နယ်အသင်းနှင့်ပုလောမြို့နယ်အသင်းတို့စတင်ယှဉ်ပြိုင်

စာ - ၃ သို့

